မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းကထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇွန် ၁၂ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၅၀)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၁၁ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဒီမီထရီ၊ အေ၊ မက်ဒ်ဗီဒက်ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၁၁ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၁၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘင်နင်နိုအကွီနို(၃)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မိုးထစ်ချုန်းရွာမည်

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၁၁ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဗလာဒီမီယာ၊ ဗွီ၊ ပူတင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တစ်နှစ်လျှင် ခရီးသည် ၃ ဒသမ ၈ သန်းအထိ ဝန်ဆောင်မှုပေးနိုင်သည့် လေဆိပ်အဖြစ် အဆင့်မြှင့်တင် ပြည်တွင်းလေကြောင်း သွားလာရေးလုပ်ငန်းများကိုလည်း ဆက်စပ်၍ အဆင့်မြှင့်တင်တိုးချဲ့ စည်းကမ်း၊ နည်းလမ်းများနှင့်အညီ မြန်မြန်ဆန်ဆန် စနစ်တကျ ပြီးမြောက်အောင်ဖော်ဆောင်

နေပြည်တော် ဇွန် ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယမန်နေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ပြီး ရန်ကုန်မြို့သို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဧည့်ခန်းမဆောင်၌ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဩဂုတ် ၇ ရက်တွင် အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ် (ICAO) အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့ပြီး အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကွန်ဗင်းရှင်းပါ အချက်အလက်နှင့် နောက်ဆက်တွဲပါ သတ်မှတ်ချက်နှင့် ကတိကဝတ်များကို *စာမျက်နှာ ၃ ကော်လံ ၁* ●

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဇွန် ၁၂ ရက်)

မြန်မာ-ဗီယက်နမ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမှသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်မြင့်မားလာမည်

မြန်မာ-ဗီယက်နမ်စီးပွားရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၁၀ ရက်နေ့က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပခဲ့ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး တက်ရောက် အမှာစကား ပြောကြားခဲ့သည်။

မြန်မာနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံတို့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြပြီး နှစ်ပေါင်းများစွာကတည်းက ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် နိုင်ငံများဖြစ်ကြသည်။ နှစ်နိုင်ငံခေါင်းဆောင်များအကြား အပြန်အလှန်လည်ပတ်မှုများကြောင့်လည်း ချစ်ကြည်ရင်းနှီးမှုနှင့်နားလည်မှုများ ပိုမိုတိုးတက်ခဲ့ရသည်။

ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားတွင် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးက "မြန်မာနိုင်ငံအနေဖြင့် ဗီယက်နမ်နိုင်ငံနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံဆောင်ရွက်သည့်အားလျော်စွာ ဗီယက်နမ်နိုင်ငံမှ ကုမ္ပဏီလုပ်ငန်းရှင်များအား မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုကို ကြိုဆိုလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုများကို ယုံကြည်စိတ်ချစွာ ဆောင်ရွက်နိုင်ရေးအတွက် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေး သဘောတူစာချုပ်ကို ၂၀၀၀ ပြည့်နှစ် မေလတွင်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနားလည်မှုစာလွှာကို ၂၀၁၀ ပြည့်နှစ် ဧပြီလတွင်လည်းကောင်း အသီးသီး လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ကုန်စည်ပြပွဲများကို အပြန်အလှန် ကျင်းပခဲ့ခြင်းဖြင့် လည်းကောင်း၊ နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပခြင်းဖြင့်လည်းကောင်း နှစ်နိုင်ငံကုန်သွယ်မှုများ တိုးတက်မည့်အလားအလာကောင်းများ ပိုမိုရရှိလာခဲ့သည်။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဒုတိယဝန်ကြီးချုပ် H.E.Mr. Hoang Trung Hai က "နှစ်နိုင်ငံအကြားကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးတက်လာခြင်းဖြင့် အလားအလာကောင်းများကို ပိုမိုရရှိစေမည်ဖြစ်ပါကြောင်း" ဆွေးနွေးပွဲဖွင့်ပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာ-ဗီယက်နမ် စီးပွားရေးလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု ဆွေးနွေးပွဲသည် နှစ်နိုင်ငံစီးပွားရေးကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးတက်မြင့်မားစေမည်ဖြစ်သည့်အပြင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုကိုလည်း ပိုမိုတိုးတက်မြင့်မားလာစေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမှတ်(၁)စက်မှု ဒုတိယဝန်ကြီး ဦးသိန်းအောင်အား ဗီယက်နမ်စက်မှုနှင့် ကုန်သွယ်ရေး ဒုတိယဝန်ကြီးလာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၁

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသိန်းအောင်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Nguyen Thanh Bien ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၀ ရက် ညနေ ၃ နာရီခွဲက နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ သန်လျင်မြို့နယ်၌ ကျင်းပ

ရန်ကုန် ဇွန် ၁၁

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ကရင်ဆိပ်စံပြကျေးရွာ ကျောက်တိုင်ကန်အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့လွှဲပြောင်းပေးအပ်ပွဲကို ဇွန် ၆ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ကျင်းပရာ ရှေးဦးစွာ ကျောင်းဆောင်သစ်အား သန်လျင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်း၊ မြို့နယ်ပညာရေးမှူး ဦးမြင့်သိန်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွေးနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လွှဲပြောင်းပေးအပ်

ဆက်လက်၍ ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ကျောင်းဆောက်လုပ်ရေးကော်မတီမှ တာဝန်ရှိသူက မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

စာရေးကိရိယာများပေးအပ်

ယင်းနောက် အလှူရှင်ဦးကျော်ခင်နှင့်အဖွဲ့က ကျောင်းသားကျောင်းသူ ၈၀အတွက် ထောက်ပံ့ငွေကျပ် ၃၀၀၀၀စီနှင့် စာရေးကိရိယာများ ပေးအပ်သည်။ အဆိုပါကျောင်းမှာ အလျားပေ ၈၀၊ အနံပေ ၃၀ ရှိပြီး စာသင်ခန်းငါးခန်းပါရှိကြောင်း သိရှိရသည်။ (၀၄၉)

ကွင်းဆင်းစစ်ဆေး

မုဒုံမြို့နယ် ဘဲရမ်းကျေးရွာ အဝင်လမ်း ကတ္တရာလမ်းသစ်ခင်းခြင်းလုပ်ငန်းကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်းတို့ ကွင်းဆင်းစစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

ကျောင်းသုံးပစ္စည်းများ ဖျာပုံ၌ ပေးအပ်လှူဒါန်း

ဖျာပုံ ဇွန် ၁၁

ဖျာပုံခရိုင် ဖျာပုံမြို့နယ် အေးသာယာကျေးရွာ အခြေခံပညာမူလတန်းကျောင်း အမှတ်(၁၀၃)မှ ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးစာရေးကိရိယာနှင့် ဗလာစာအုပ်များ ပေးအပ်လှူဒါန်းပွဲကို ဇွန် ၆ ရက် နံနက် ၁၁ နာရီက အဆိုပါ ကျောင်း၌ ကျင်းပရာ အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်မြူမြူဝင်းတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင် ဦးသန်းနိုင်တို့က ကျောင်းသား ကျောင်းသူ တစ်ဦးချင်းစီထံ ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)**

မူဆယ်ခရိုင် ထွေ/အုပ် ပညာသင်ထောက်ပံ့ကြေးပေးအပ်

မူဆယ် ဇွန် ၁၁

မူဆယ်မြို့ မြို့တော်ခန်းမ၌ မူဆယ်ခရိုင်နှင့် မြို့နယ်အတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းသားသမီးများအား ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို မေ ၂၀ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်းက အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ တက်ရောက်လာသူများက ကျောင်းသားကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး၊ ကျောင်းဝတ်စုံများနှင့် စာရေးကိရိယာများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

● ရှေ့ဖုံးမှ

လိုက်နာကျင့်သုံးလျက်ရှိပါကြောင်း ပဏာမရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံ လေကြောင်းနယ်နိမိတ်အတွင်း ဖြတ်ကျော် ပျံသန်းလျက်ရှိသည့် နိုင်ငံတကာလေကြောင်းလိုင်းများနှင့် ပြည်တွင်းလေဆိပ်များသို့ ဆင်းတက်ပျံသန်းလျက်ရှိသည့် ပြည်တွင်း ပြည်ပ လေကြောင်းလိုင်းများ အခြေအနေ၊ လေကြောင်းထိန်းသိမ်းရေးကြီးကြပ်မှုအတွက် အသုံးပြုသည့် နည်းစနစ်များ၊ မြန်မာနိုင်ငံသို့ ဆင်းတက်ပျံသန်းနေသော နိုင်ငံတကာလေကြောင်းလိုင်းများနှင့် ခရီးသည် သယ်ဆောင်မှု၊ ပြည်တွင်းလေကြောင်း ပို့ဆောင်ရေး အခြေအနေ၊ နိုင်ငံသားပိုင်နှင့် ဖက်စပ်လေကြောင်းလိုင်းများ၊ အပြည်ပြည်ဆိုင်ရာ လေဆိပ်များ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဆိုင်ရာ အချက်အလက်များနှင့် ၂၀၀၈ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ပြည်တွင်းပြည်ပ ခရီးသည်ဝင်ထွက်မှု၊ ၂၀၁၀ ခုနှစ်အတွင်း ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းမှ ဝင်ငွေရရှိမှု၊ လေယာဉ်များအတွက် မြေပြင်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ပေးမှု၊ လေကြောင်းလမ်းညွှန်နှင့် လေကြောင်းထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ ခရီးသည်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေမှုနှင့် လေဆိပ်၏ လက်ရှိဝန်ဆောင်မှုပေးနိုင်မှု အခြေအနေများ၊ လေဆိပ်၌ ကဏ္ဍအလိုက် တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ဌာန၊ အဖွဲ့အစည်းနှင့် ကုမ္ပဏီများ အခြေအနေနှင့် နောင်တွင် ခရီးသည်များ ဝင်ထွက်သွားလာမှု တိုးတက်လာမှုအရ လေဆိပ်အား တိုးချဲ့ရန် လိုအပ်လာမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်း၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်နိုင်ထွန်း၊ အကောက်ခွန်ဦးစီးဌာနခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးကိုနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ဌာနအလိုက် ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးက ယနေ့ဖြစ်ပေါ်လာသည့် နိုင်ငံတော်သစ်၏ အခင်းအကျင်းများအရ မိမိတို့နိုင်ငံသည် နိုင်ငံတကာဆက်ဆံရေးနှင့် စီးပွားရေးလုပ်ငန်းများတွင် ဆက်သွယ်ဆက်ဆံမှုများ တိုးမြှင့်လာမည်ဖြစ်ကြောင်း။

ဝင်ရောက်လျက်ရှိ

ယခု ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တစ်နှစ်လျှင် ခရီးသည် ၂ ဒသမ ၇ သန်းအတွက် ဝန်ဆောင်မှုလုပ်ငန်းများကိုဆောင်ရွက်ပေးနိုင်ပြီး လက်ရှိတွင် တစ်နှစ်လျှင် ခရီးသည်နှစ်သန်းကျော် ဝင်ရောက်လျက်ရှိနေပြီဖြစ်၍ မကြာမီ အမြင့်ဆုံးလက်ခံဆောင်ရွက်ပေးနိုင်သည့်အဆင့်သို့ ရောက်ရှိလာမည်ဖြစ်ကြောင်း။

သို့ဖြစ်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို တစ်နှစ်လျှင် ခရီးသည် ၃ ဒသမ၈သန်းအထိ ဝန်ဆောင်မှုပေးနိုင်သည့် နိုင်ငံတကာအဆင့်မီ လေဆိပ်အဖြစ် အဆင့်မြှင့်တင်တိုးချဲ့ရန် လိုအပ်လာကြောင်း၊ အလားတူ ပြည်တွင်းလေကြောင်း သွားလာရေး လုပ်ငန်းများကိုလည်း ဆက်စပ်၍ အဆင့်မြှင့်တိုးချဲ့ဆောင်ရွက်ရန် လိုအပ်လာမည်ဖြစ်ကြောင်း။

တိုးတက်ကောင်းမွန်

ထိုသို့ တိုးချဲ့ဆောင်ရွက်ရာတွင်လည်း နိုင်ငံတကာခေတ်မီလေဆိပ်တစ်ခုကဲ့သို့ ဝန်ဆောင်မှုများ ပြည့်စုံကောင်းမွန်နေရန် လိုအပ်ကြောင်း၊ လေဆိပ်အဆောက်အအုံများ ကောင်းမွန်ရုံသာမကစီမံခန့်ခွဲမှုအပိုင်း၊ ဝန်ဆောင်မှုအပိုင်း၊ လုံခြုံမှုအပိုင်း၊ ဆက်ဆံမှုအပိုင်းစသည့် လုပ်ငန်းပိုင်းများတွင်လည်း စနစ်တကျတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း။

လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများတွင် ဆက်စပ်ဆောင်ရွက်နေကြသည့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအနေဖြင့်လည်း မိမိတို့လုပ်ငန်းများကိုသတ်မှတ်ထားသည့် စည်းကမ်း၊ နည်းလမ်းများနှင့်အညီ မြန်မြန်ဆန်ဆန်နှင့် စနစ်တကျ ပြီးမြောက်အောင် ဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ ခရီးသည်များအတွက် မလိုလားအပ်သည့် နှောင့်နှေးကြန့်ကြာမှု မရှိအောင်၊ မိမိတို့၏ ဝန်ဆောင်မှုအပေါ် ကျေနပ်နှစ်သက်မှုရှိအောင် ဆောင်ရွက်ပေးကြရန် လိုကြောင်း။

ထို့ကြောင့် လေဆိပ်တိုးချဲ့တည်ဆောက်ရာတွင် ခေတ်မီလေဆိပ်တစ်ခုအဖြစ် လိုအပ်မည့် အဆောက်အအုံများအပါအဝင်မြေပြင်ဝန်ဆောင်မှုလုပ်ငန်းများ၊ ကုန်စည်ပို့ဆောင်မှုလုပ်ငန်းနှင့် အခြားဆက်စပ်လျက်ရှိသည့်လိုအပ်ချက်များကိုပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း ဝန်ဆောင်မှုလုပ်ငန်းများကိုကြည့်ရှုစစ်ဆေးကြပြီး လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် အကောက်ခွန် ဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးဌာနများကိုစုစုစည်းစည်းပြင်ဆင်နေရာချ၍ဝန်ထမ်းအင်အားတိုးချဲ့နေရာချထားပေးရန်မှာကြားသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မုတ်သုံလေ ဆက်လက်အားကောင်းမည်

နေပြည်တော် ဇွန် ၁၁

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့နံနက်မြန်မာစံတော်ချိန် ၅ နာရီခွဲ တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီး ဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

ဇွန် ၁၂ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ ဆက်လက်အားကောင်းမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဇွန် ၇ ရက်က ကြံခင်းမြို့အဝင် မြေယာရှုခင်းပန်းအလှပင်များ စိုက်ပျိုးခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမင်းဇော်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၁၁

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း (၁၇)ကြိမ်မြောက် အသင်းသားစုံညီနှစ်ပတ်လည် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမ၌ကျင်းပသည်။

ရှေးဦးစွာသဘာပတိ မြန်မာနိုင်ငံစက်မှု ကုန်ထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးပေါဟိန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌအမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်တို့က အမှာစကားပြောကြားသည်။

ဖတ်ကြားကြေညာ

ထို့နောက် မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာ အောင်သိန်းက အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက် ရယူသည်။ ဆက်လက်၍ ဘဏ္ဍာရေးမှူးဦးအေးဟန်က သင်းဖွဲ့စည်းမျဉ်းနှင့် သင်းဖွဲ့မှတ်တမ်းပြင်ဆင်ဖြည့်စွက်ချက်များကိုတင်ပြ၍အတည်ပြုချက် ရယူသည်။ ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေးက ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာ အောင်သိန်းတို့ပါဝင်သည့် ဗဟိုအလုပ်အမှုဆောင် ၃၄ ဦး၏ အမည်စာရင်းကိုဖတ်ကြားကြေညာသည်။

ထို့နောက် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ အမှတ် (၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း (၁၇)ကြိမ်မြောက် အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

၂၀၁၁ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲပြပွဲ ဗဟိုကော်မတီညှိနှိုင်းအစည်းအဝေး

နေပြည်တော် ဇွန် ၁၁

၂၀၁၁ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲပြပွဲဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ကျောက်မျက်ရတနာ ပြတိုက်အနီးရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ ၂၀၁၁ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီ နာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်တက်ရောက်၍ အထူးရောင်းချပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်၊ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ကော်မတီဝင်များ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ အသင်းဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး၊ ဆပ်ကော်မတီများနှင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းတို့မှ တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက်၊ သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်နှင့် ဒုတိယဝန်ကြီး ဦးဌေးအောင်တို့က ဆပ်ကော်မတီအလိုက်ဆွေးနွေးတင်ပြမှုများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များမှာကြားကာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

၂၀၁၁ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲပြပွဲ ဗဟိုကော်မတီ နာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ၂၀၁၁ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ရန်ကုန်အဝေးသင်တက္ကသိုလ်၌ ပညာရေးဝန်ထမ်းများနှင့်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၁

ပညာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်အဝေးသင်တက္ကသိုလ်သို့ရောက်ရှိပြီးတာဝန်ခံပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင်ပြည်ထောင်စုဝန်ကြီးက ပညာသင်နှစ်အလိုက် သင်ကြားရေးနှင့်စီမံခန့်ခွဲရေးဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြီး အဆင့်မြင့်ပညာကဏ္ဍနှင့် အခြေခံပညာကဏ္ဍတို့၌ ဆောင်ရွက်လျက်ရှိသော ပညာရေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ဆောင်ရွက်ရန်ရှိသော လုပ်ငန်းများတွင် တက်ကြွစွာပါဝင်ပြီး အောင်မြင်အောင် ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြအေး ရန်ကုန်အဝေးသင်တက္ကသိုလ်၌ တာဝန်ခံပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် မိုးကုတ်မြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး

နေပြည်တော် ဇွန် ၁၁

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်သည် ဇွန် ၅ ရက် နံနက် ၉ နာရီတွင် မိုးကုတ်မြို့ မဏိရတနာခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိုးကုတ်မြို့ ခုတင်(၁၀၀)ဆံ့ ဆေးရုံသို့ ရောက်ရှိပြီး သားဖွားဆောင်၊ ကလေးလူနာဆောင်နှင့် ခွဲစိတ်ကုသဆောင်များရှိ လူနာများအား ကျန်းမာရေးစောင့်ရှောက်ဆေးဝါးကုသပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြ၍ ထောက်ပံ့ငွေများ ပေးအပ်ကာ ခွဲစိတ်ခန်း၊ ဓာတ်ခွဲခန်းနှင့် ဓာတ်မှန်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် မိုးကုတ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် မိုးကုတ်မြို့တွင်း ချောင်းရေလျှံရောက်မှုကာကွယ်ရေးအတွက် မြို့အတွင်း စီးဆင်းလျက်ရှိသော ရေနီချောင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်

ရန်ကုန် ဇွန် ၁၁

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် အနန္တသူရိယလမ်း မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်ပွဲကို ဇွန် ၄ရက် မွန်းလွဲ ၂နာရီက မြို့နယ်ရုံး၌ ကျင်းပရာ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုဝန်ထမ်းနှင့် ဟိုတယ်ခရီးဝန်ကြီးဌာနဝန်ကြီးဒေါက်တာမြင့်သိန်းက ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့ပေးအပ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေက ရပ်ကွက်ပြည်သူက လှူဒါန်းသော ငွေကျပ်သိန်း၂၀ကျော်တန်ဖိုးရှိ ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူးရုံးရှိ ဝန်ထမ်းသားသမီးများအား ၂၀၁၁-၂၀၁၂ ခုနှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို မေ ၃၁ ရက်တွင် မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဝင်းမြင့်က ကျောင်းသားတစ်ဦးအား ပညာသင်ထောက်ပံ့ကြေးပေးအပ်စဉ်။ (မြန်မာ့အလင်း)

နိုင်ငံတကာအစားအစာ ချက်ပြုတ်နည်းသင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၁၁

နိုင်ငံတကာအဆင့် အစားအစာချက်ပြုတ်ပြင်ဆင်နည်းသင်တန်း (International Culinary Course) အမှတ်စဉ်အသစ်ကို ဇွန်လ တတိယပတ်အတွင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန အသိအမှတ်ပြု Star Resources Hospitality Management Academy တွင် ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတွင် အနောက်တိုင်းအစားအစာ၊ အရှေ့တိုင်းအစားအစာဟင်းပွဲများ ပြုလုပ်ပြင်ဆင်နည်း၊ အလှဆင်နည်းများနှင့်အတူ Menu Plan ရေးဆွဲနည်းများ၊ Menu Costing တွက်ချက်နည်းများ၊ စားသုံးသူများ ကျန်းမာရေးနှင့်ညီညွတ်စွာ စားသုံးနိုင်ရန်အတွက် ဘေးကင်းမှု Food Safety၊ Quality Management of Kitchen Operation စသည်တို့ကို သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်စုံစမ်းနိုင်

ထို့ပြင် International Hospitality Management Course သင်တန်းအမှတ်စဉ်အသစ်နှင့် IELTS Foundation Course နှင့် Preparation Course သင်တန်းအမှတ်စဉ်အသစ်ကိုလည်း ဇွန်လနောက်ဆုံးပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက် ၂၆၇ အခန်း ၃၀၂ ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆၊ ၀၉-၅၀၂၀၃၀၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲ ပြည်မြို့နယ်၌ ကျင်းပ

ပြည် ဇွန် ၁၁

ပြည်မြို့နယ်တွင် ၂၀၁၁ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲကို ဇွန် ၄ ရက် နံနက် ၉ နာရီက ပြည်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူ ၈၂ဦး ဝင်ရောက်ဖြေဆိုကြသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး တိုင်းရဲတပ်ဖွဲ့ ရဲမှူးကြီး ကျော်ဆွေ၊ ပြည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအုံမော်၊ ပြည်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သောင်းဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

တရုတ်ရုပ်ရှင် ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားကျင်းပ

ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ တက်ရောက်အားပေးချီးမြှင့်

နေပြည်တော် ဇွန် ၁၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ယဉ်ကျေးမှု တိုးမြှင့်ဖလှယ်သောအားဖြင့် တရုတ်ရုပ်ရှင် ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ Junction Mini Theatre ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ယဉ်ကျေးမှုသံမှူး မစ္စတာကောင်းဟွာ၊ တရုတ်ရုပ်ရှင်အနုပညာရှင်များအသင်း ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် တရုတ်ရုပ်ရှင်အနုပညာရှင် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် မစ္စတာယူကြည်ကွမ်း၊ ဒါရိုက်တာနှင့် ဇာတ်ညွှန်းရေး ဆရာ Mr.Peng Chen၊ မြန်မာ့ရုပ်ရှင်အနုပညာရှင်များနှင့် အတတ်ပညာရှင်များ၊ ဖိတ်ကြားထားသူများနှင့် ရုပ်ရှင်ဝါသနာရှင် ပြည်သူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ယဉ်ကျေးမှုသံမှူး မစ္စတာကောင်းဟွာက အခမ်းအနား ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒါရိုက်တာနှင့် ဇာတ်ညွှန်းရေးဆရာ Mr.Peng Chen က ၎င်းရိုက်ကူးခဲ့သည့် Walking to School ဇာတ်ကားနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဖွင့်ပွဲအခမ်းအနား ကျင်းပ

တရုတ်ရုပ်ရှင် ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

(သတင်းစဉ်)

ဖွင့်လှစ်ပေး

ဆက်လက်၍ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၊ ယဉ်ကျေးမှုသံမှူး မစ္စတာကောင်းဟွာနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် မစ္စတာယူကြည်ကွမ်းတို့က တရုတ်ရုပ်ရှင် ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် တရုတ်ရုပ်ရှင် ရက်သတ္တပတ်ဖွင့်ပွဲတွင် အဖွင့်ဇာတ်ကားဖြစ်သည့် Walking to School ဇာတ်ကားကို ပြသရာ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များက စိတ်ဝင်တစား ကြည့်ရှုအားပေးကြသည်။ အဆိုပါ တရုတ်ရုပ်ရှင် ရက်သတ္တပတ်ကို ဇွန် ၁၁ ရက်မှ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ရုပ်ရှင်ဝါသနာရှင် ပြည်သူများအနေဖြင့် အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မိုးရွာသွန်းမှုများ

၁၁-၆-၂၀၁၁

ရေးမြို့	၅ ဒသမ ၉၄ လက်မ
ကျိုက္ကမီမြို့	၅ ဒသမ ၅၉ လက်မ
လောင်းလုံမြို့	၄ ဒသမ ၄၉ လက်မ
ဘားအံမြို့	၃ ဒသမ ၇၄ လက်မ
မုဒုံမြို့	၃ ဒသမ ၅၀ လက်မ
မော်လမြိုင်မြို့	၃ ဒသမ ၃၈ လက်မ
တောင်ကုတ်မြို့	၃ ဒသမ ၀၈ လက်မ
ချောင်းဆုံမြို့	၃ ဒသမ ၀၈ လက်မ
ကော့သောင်းမြို့	၃ ဒသမ ၀၈ လက်မ
ခရမ်းမြို့	၂ ဒသမ ၈၇ လက်မ

ဥတုရာသီ တောကို မှီ၏

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

ကနေဒါဂျက်လေယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းစဉ်ပျက်ကျ

အော့တဝါ ဇွန် ၁၁

ကနေဒါလေတပ်မှ စစ်ဘက်ဂျက်လေယာဉ်တစ်စင်း ဇွန် ၁၀ရက်က လေ့ကျင့်ပျံသန်းစဉ် ပျက်ကျခဲ့ရာ လေယာဉ်မှူးနှစ်ဦး အချိန်မီခုန်ထွက်နိုင်ခဲ့သဖြင့် အသက်ဘေးမှ လွတ်မြောက်ခဲ့ရကြောင်း ကနေဒါစစ်ဘက်အရာရှိများက ဇွန် ၁၁ ရက်၌ ပြောကြားသည်။

ပျက်ကျ

၎င်း စီတီ-၁၅၅ ဂျက်လေယာဉ်သည် အယ်လ်ဘာတာပြည်နယ် အက်မွန်တန်မြို့ အရှေ့မြောက်ဘက် ကီလိုမီတာ ၂၄၀ ခန့်အကွာရှိ ကိုးလ်ရေအိုင်ကြီး အရှေ့တောင်ဘက် ၃ ဒသမ ၅ ကီလိုမီတာခန့်အကွာ၌ လေ့ကျင့်ပျံသန်းစဉ် မီးလောင်ပျက်ကျခဲ့ခြင်းဖြစ်သည်။ *(အပေါ်ပုံ)*

မီးလောင်ပျက်ကျခဲ့သော ဂျက်လေယာဉ်မှာ ဗြိတိန်နိုင်ငံထုတ်အင်ဂျင်တစ်လုံးတပ်ဂျက်လေယာဉ်ဖြစ်ပြီး လေ့ကျင့်မောင်းနှင်သူနှစ်ဦးအတွက် ထိုင်ခုံနှစ်ခုသာပါရှိသည်။ စစ်ဘက်တိုက်လေယာဉ်မှူးများအတွက် လေ့ကျင့်မောင်းနှင်ရာတွင် အသုံးပြုသည့် လေယာဉ်တစ်စင်းဖြစ်ကြောင်းသိရသည်။ *(အင်တာနက်)*

ပါကစ္စတန် ကျောင်းကား တူးမြောင်းအတွင်းထိုးကျ ၁၄ ဦး သေဆုံး

အစ္စလမ္မာဘတ် ဇွန် ၁၁

ပါကစ္စတန်နိုင်ငံအရှေ့မြောက်ဘက် အဇတ်ကက်ရှမီးယားဒေသတွင် ဇွန် ၁၀ ရက် နံနက်က ကျောင်းကြိုပို့ယာဉ်တစ်စီး တူးမြောင်းအတွင်းထိုးကျသဖြင့် ကလေးငယ် ၁၄ ဦး သေဆုံးခဲ့သည်။

ကျောင်းသားကျောင်းသူ စုစုပေါင်း ၂၂ ဦး တင်ဆောင်လာသည့် မော်တော်ကားသည် ဇွန် ၁၀ ရက် နံနက် ၇ နာရီခန့်က တူးမြောင်းအတွင်းသို့ ထိုးကျခဲ့ခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ကလေးငယ်လေးဦးကို ကယ်ဆယ်နိုင်သော်လည်း ပျောက်ဆုံးနေသော ကျန်ကလေးများကို ဝိုင်းဝန်းရှာဖွေလျက်ရှိသည်။ ***(အင်တာနက်)***

အိန္ဒိယ၌ မြေမြှုပ်မိုင်းပေါက်ကွဲ၊ ၁၀ ဦး သေဆုံး

နယူးဒေလီ ဇွန် ၁၁

အိန္ဒိယနိုင်ငံ ဒန်တီဝါဒါဒေသတွင် ဇွန် ၁၁ ရက် နံနက်က မြေမြှုပ်မိုင်းတစ်လုံးပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင် ၁၀ ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း အိန္ဒိယရဲတပ်ဖွဲ့က ပြောကြားသည်။

ပျက်စီး

ရဲတပ်ဖွဲ့ဝင်များ တင်ဆောင်လာသည့် မော်တော်ယာဉ် တစ်စီးကို အကြမ်းဖက်တိုက်ခိုက်ရေးသမားများက မြေမြှုပ်မိုင်းထောင်ကာ ဗုံးခွဲတိုက်ခိုက်ခဲ့ရာမှ အဆိုပါဖြစ်ရပ်ဖြစ်ပွားခြင်းဖြစ်သည်။ ၎င်းမြေမြှုပ်မိုင်းပေါက်ကွဲမှုမှာ အင်အားပြင်းထန်သဖြင့် ရဲတပ်ဖွဲ့ဝင်များစီးလာသော မော်တော်ယာဉ်လည်း ပျက်စီးသွားခဲ့သည်။ ***(ယာပုံ)***

အဆိုပါရဲတပ်ဖွဲ့ဝင်များမှာ ဒန်တီဝါဒါဒေသရှိ အကြမ်းဖက်သမားများလှုပ်ရှားရာနေရာများအား စစ်ဆင်ရေးဆင်နွှဲပြီး အခြေစိုက်စခန်းသို့ပြန်အလာတွင် တိုက်ခိုက်ခံရခြင်းဖြစ်သည်။ ဒန်တီဝါဒါဒေသတွင် ပြီးခဲ့သည့်နှစ်ကလည်း အကြမ်းဖက်သမားများ တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင် ၇၄ ဦး သေဆုံးခဲ့သည်။ ***(အင်တာနက်)***

မိုးမြင့်လင်းလက် - စုစည်းသည်



ရာသီဥတုပြောင်းလဲမှုကို လေ့လာရန် နာဆာက ဂြိုဟ်တုလွှတ်တင်

လော့စ်အိန်ဂျလိစ် ဇွန် ၁၁

ရာသီဥတု ပြောင်းလဲမှုသည် ပင်လယ်သမုဒ္ဒရာ ရေမျက်နှာပြင်များ၏ အပူချိန်ပြောင်းလဲမှုနှင့် မည်သို့ဆက်စပ်မှုရှိသည်ကို လေ့လာမည့် ဂြိုဟ်တုတစ်လုံးအား နာဆာက ဇွန် ၁၀ ရက်၌ လွှတ်တင်လိုက်သည်ဟု အမေရိကန်အရာရှိများက ဇွန် ၁၁ ရက်က ပြောကြားသည်။ *(အပေါ်ပုံ)*

လွှတ်တင်ခဲ့

ယင်းဂြိုဟ်တုကို အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘတ်လေတပ်အခြေစိုက်စခန်းမှ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဂြိုဟ်တုသည် ကမ္ဘာမြေမျက်နှာပြင်မှအမြင့် ၄၀၈ မိုင်ခန့်အကွာမှနေ၍ သတင်းအချက်အလက်များရယူကာ မြေပြင်စခန်းသို့ ထုတ်ပြန်ပေးပို့သွားမည်ဖြစ်သည်။

ဆောင်ရွက်

ထို့အပြင် ယင်းဂြိုဟ်တုသည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်တတ်သည့် အယ်နီညိုနှင့် လာနီညာကဲ့သို့သော ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များအတွက်လည်း ပိုမိုပြည့်စုံသည့် သတင်းအချက်အလက်များကို ထုတ်ပြန်ပေးသွားမည် ဖြစ်သည်။ *(အင်တာနက်)*

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ

ရန်ကုန် ဇွန် ၁၁

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Hoang Trung Hai ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈ နာရီ မိနစ် ၅၀ တွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိပြီး ကမာရွတ်မြို့နယ် ပြည်လမ်းရှိ ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ဘဏ်ခွဲ (BIDV- Bank for Investment and Development of Vietnam) ကို ကြည့်ရှုလေ့လာကြသည်။

သွားရောက်တွေ့ဆုံ

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်သည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေအား ညနေ ၃ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ သွားရောက်တွေ့ဆုံသည်။

ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Hoang Trung Hai ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေအား လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင် မော်လမြိုင်ကျွန်းနှင့် မအူပင်မြို့နယ်များအတွင်း ကြည့်ရှုစစ်ဆေး

ရေဝတီတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် မော်လမြိုင်ကျွန်းမြို့နယ် ဖူထီကျေးရွာအုပ်စု စိန်ကျွန်းရတနာ(၁) လယ်ယာကုန်ထုတ်အသင်းက သီပွံနည်းကျ ပေါင်စနစ်ဖြင့် မျိုးစေ့ချ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၁၁

ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၉ ရက် မွန်းတည့် ၁၂ နာရီတွင် လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် ဖူထီကျေးရွာအုပ်စု စိန်ကျွန်းရတနာ(၁)လယ်ယာကုန်ထုတ်အသင်း စိုက်ပျိုးရေး ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ဒေသခံတောင်သူများ၏ သီပွံနည်းကျပေါင်စနစ်ဖြင့် မျိုးစေ့ချ စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ရောခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖွင့်လှစ်ပေး

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မော်လမြိုင်ကျွန်းမြို့နယ်လုံးဆိုင်ရာ ပုညဝိသုဒ္ဓိ သာသနာ့ဗိမာန်အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သာသနာ့ဗိမာန်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မော်လမြိုင်ကျွန်းမြို့(၁၄)လမ်း ကွန်ကရစ်လမ်းခင်းခြင်းအတွက် အလှူငွေကျပ် ငါးသိန်း လှူဒါန်းပြီး အလှူရှင်များ၏ လှူဒါန်းငွေ ကျပ် ၂၇၄၀၀၀၀၀ကို လက်ခံသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ မော်ရွှေဝါ အားကစားခန်းမသို့ရောက်ရှိပြီး မော်ကျွန်းကလပ်လက်ဝှေ့အသင်း၏ လက်ဝှေ့အားကစား လေ့ကျင့်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေး၍ ငွေကျပ် ၁၀သိန်းကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် မော်လမြိုင်ကျွန်းမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသော ဆေးပဒေသာပင် လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ငွေကျပ် ငါးသိန်း၊ TZTM ကုမ္ပဏီ တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်အောင်က ငွေကျပ်သိန်း ၅၀ နှင့် မြန်နန်ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးအေးလင်းနှင့်ဇနီး ဒေါ်စန္ဒာဝင်းတို့က ငွေကျပ် ၂၅ သိန်းတို့ကို ခေတ္တဆေးရုံအုပ်ကြီးထံ ပေးအပ်လှူဒါန်းကြပြီး ဆေးကုသမှုခံယူနေကြသော လူနာများအား ကြည့်ရှုအားပေးကာ ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်ကြသည်။

ကြည့်ရှုစစ်ဆေး

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဇွန် ၁၀ ရက်တွင် မအူပင်မြို့ အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောင်းဝင်းအတွင်း အသစ်ဆောက်လုပ်နေသော စာသင်ဆောင်အတွက် သစ်မာ လေးတန်နှင့် အခြားသစ် နှစ်တန်၊ ငွေကျပ် ၁၀သိန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရန်ဝင်းက ငွေကျပ်သိန်း ၁၀၀ နှင့်တိုင်းဒေသကြီး ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာနအောက်ရှိ မအူပင်ခရိုင် ဌာနဆိုင်ရာများက ငွေကျပ်တစ်သိန်းတို့ကို ကျောင်းအုပ်ဆရာကြီးထံ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သထုံခရိုင် သထုံ၊ ဘီးလင်းနှင့် ကျိုက်ထိုမြို့နယ်များ၌ ကျောင်းဆောင်သစ်များ ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

နေပြည်တော် ဇွန် ၁၁

မွန်ပြည်နယ် သထုံခရိုင် မြို့နယ်များ၌ ယမန်နေ့က ကျင်းပသည့် အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့်ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားများသို့ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့် တက်ရောက်အားပေးသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ သထုံမြို့နယ် ဂေါ့ကျုံပါရွာသစ် မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲကို နံနက် ၈ နာရီခွဲတွင် ကျင်းပရာ ပြည်နယ်ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာလှဦးနှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးကြသည်။

အကုန်အကျခံ

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျားပေ ၁၂၀ × အနံပေ ၃၀ ရှိ အုတ်ညှပ်တစ်ထပ်ဖြစ်ပြီး နိုင်ငံတော်နှင့်ပြည်သူစုပေါင်း၍ ငွေကျပ်သိန်း ၂၁၀ အကုန်အကျခံ တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ယင်းနောက် သထုံမြို့နယ် နောင်ဘိုကျေးရွာရှိ ငွေကျပ်သိန်း ၁၆၀ အကုန်အကျခံ တည်ဆောက်ခဲ့သည့် မူလတန်း တိုးချဲ့ကျောင်းဆောင်သစ် ဖွင့်ပွဲသို့ တက်ရောက်ဂုဏ်ပြု အမှာစကားပြောကြားသည်။ အဆိုပါ တိုးချဲ့ ကျောင်းဆောင်သစ်မှာ အလျားပေ ၄၀ × အနံပေ ၃၀ ဖြစ်ပြီး အုတ်ညှပ် တစ်ထပ်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဘီးလင်းမြို့ ဆရာစံရပ်ကွက် အမှတ်(၂)မူလတန်းကျောင်းဆောင်သစ် ဖွင့်ပွဲသို့ တက်ရောက်သည်။ အဆိုပါကျောင်းဆောင်သစ်မှာ အလျားပေ ၁၃၀ × အနံပေ ၃၀ ရှိ အုတ်ညှပ်တစ်ထပ်ဖြစ်ပြီး နိုင်ငံတော်နှင့်ပြည်သူ စုပေါင်း၍ ငွေကျပ်၃၀၉သိန်း အကုန်အကျခံ တည်ဆောက်ခဲ့ကြောင်း သိရှိရသည်။

တက်ရောက်

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျိုက်ထိုမြို့နယ် တောင်ပိုင်းရပ်ကွက် တော်ခြံမူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အဆိုပါကျောင်းဆောင်သစ်သည် နိုင်ငံတော်၊ တောင်တက်မော်တော်ယာဉ်အသင်းနှင့် ပြည်သူတို့ စုပေါင်း၍ ငွေကျပ်သိန်း ၂၇၀ အကုန်အကျခံ တည်ဆောက်ခဲ့ပြီး အလျားပေ ၉၀ × အနံပေ ၃၀ရှိ RC တစ်ထပ်ဖြစ်သည်။

အခမ်းအနားတွင် ကျိုက်ထီးရိုးတောင်တက်မော်တော်ယာဉ်အသင်း ဥက္ကဋ္ဌက ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဌေးမြင့်အောင်က စာသင်ခုံ ၆၂ ခုံ၊ အလှူရှင်များက အလှူငွေ၊ စာအုပ်နှင့်စာရေး ကိရိယာများကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကျိုက်ထိုမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံကာ တက္ကသိုလ်ဝင်တန်း အောင်ချက် မြင့်မားရေး၊ ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မနေဖြူမြို့အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အမှတ် (၅) ရပ်ကွက် ဘုရားလမ်းတစ်လျှောက် ရေမြောင်းတူးဖော်သန့်ရှင်းခြင်းလုပ်ငန်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လှိုင်၊ အမှုဆောင်အရာရှိ ဦးဌေးလှိုင်နှင့် စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ဂျပန်နိုင်ငံမှ ဧည့်သည်အဖွဲ့လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၁

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ဂျပန်နိုင်ငံ Mitsubishi Corporation မှ Mr. Masayuki Mizuno နှင့် Mr. Masahiro Miyazaki တို့သည် ဇွန် ၉ရက် နံနက် ၉ နာရီ ၁၅မိနစ်က နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဝင်းရှိန်၊ ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ပူးတွဲ) ဦးလှမြင့်သိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

တောင်တွင်းကြီးမြို့နယ်အသင်း ဓမ္မာရုံဖွင့်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၁

တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်)က ဓမ္မာရုံဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီတော် ပရိဝုဏ်အတွင်းရှိ ဝိဇ္ဇာစရဏ သမ္ပန္နော ဓမ္မာရုံ၌ ဇူလိုင် ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များ၊ အသင်းဝင်များနှင့် အသင်း မဝင်ရသေးသူများ အားလုံး ထိုနေ့ နံနက် ၈ နာရီခွဲအရောက် တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် ဖုန်း-၀၁-၉၆၉၉၆၀၂၊၀၁-၅၃၉၇၃၈၊ ၀၁-၆၄၇၁၆၃၊ ၀၉-၇၃၁၄၀၉၅၉၊ ၀၉-၅၁၅၅၉၀၇၊ ၀၉-၅၁၅၀၅၆၉ နှင့် အမှုဆောင်များထံတွင် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(မြို့နယ်အသင်း)

ပညာသင်စရိတ်နှင့် ကျောင်းသုံးစာရေးကိရိယာများ အမြို့မြို့ အနယ်နယ်တွင် ထောက်ပံ့ပေးအပ်

ဝါးခယ်မမြို့ အထက(၁)ရတနာခန်းမ၌ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၇ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်းက မြို့နယ်ပညာရေးမှူး ဒေါ်သန်းညွန့်အား စာရေးကိရိယာများနှင့် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ဇွန် ၂ ရက်က သဃ်န်းကျွန်းမြို့နယ် ၄/ခ ရပ်ကွက် အမက(၂၃)တွင် ပညာသင် ထောက်ပံ့ပစ္စည်းများ လှူဒါန်းပွဲ ကျင်းပရာ ရပ်ကွက်အုပ်ချုပ် ရေးမှူး ဦးမြင့်အောင်က မိဘဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဟာဂျီ ဦးမြင့်ဆွေထံ ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်စဉ်။ (၀၂၅)

မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် တန်ဖိုးငွေကျပ် ၁၉၅၆၀၀ ရှိ ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲကို မေ ၂၆ ရက်က အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာအုန်းက ကျောင်းသူတစ်ဦးအား ထောက်ပံ့ငွေပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၂၀၁၁-၂၀၁၂ ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကို မေ ၂၄ ရက်က ရုံးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခေါင် ကျောင်းသူတစ်ဦးအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ပန်းတနော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကို ဇွန် ၁ ရက်က အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြဦးက ထောက်ပံ့ငွေကျပ် ၂၈၅၀၀ ကို တာဝန်ရှိသူတစ်ဦးအား ပေးအပ်လှူဒါန်းစဉ်။ (၁၄၃)

ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၁

ဂျီတီအိုင်ကျောင်းသားဟောင်းများ၏ (၁၄)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇွန် ၁၉ရက်(တနင်္ဂနွေနေ့) နေ့လယ် ၁၁ နာရီမှစ၍ ရန်ကုန်မြို့ Royal Mingalardone Golf & Country Club တွင်း၌ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသူများသည် ဦးခင်ဇော်(ရုံးအဖွဲ့မှူး)ဖုန်း-၅၁၉၈၆၃ထံသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

လှိုင်မြို့နယ် ၉ရပ်ကွက် သုခမြိုင်အိမ်ရာ တိုက် ၂ (၁၀၂/၂၀၁) နေ နှစ်ဖက်သောမိဘများနှင့် ခင်ပွန်းဦးငွေမြအောင်၊ သား မောင်သိန်းထိုက် (ခ)မောင်မောင် တို့အားရည်စူး၍ မိခင်ဒေါ်နုဖြူ မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်းအတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်နှစ်သိန်းလှူဒါန်းရာ အုပ်ချုပ်ရေးမှူးဦးပြုံးနှင့်စောင့်ရှောက်ရေးသူနာပြု ဒေါ်နော်အေးဌေးတို့ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

ဝက်နားရွက်ပြာရောဂါအကြောင်း ချောင်းဆုံ၌ဟောပြော

ချောင်းဆုံ ဇွန် ၁၁

ဝက်နားရွက်ပြာရောဂါအကြောင်း ပညာပေးဟောပြောပွဲကို ချောင်းဆုံမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအစည်းအဝေးခန်းမ၌ မေ ၁၆ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးမြင့်က အမှာစကားပြောကြားပြီး ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသန်းသန်းရီ**(အပေါ်ပုံ)**နှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအုံးမြိုင်တို့က ဝက်နားရွက်ပြာရောဂါနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်တိမွေးကုဌာန)**

လုပ်ငန်းစွမ်းရည်မြှင့်သင်တန်း ကျောက်ဖြူ၌ဖွင့်

ကျောက်ဖြူ ဇွန် ၁၁

ကျောက်ဖြူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် စာရေးဝန်ထမ်းအဆင့်(၁/၂)များ လုပ်ငန်းစွမ်းရည်မြှင့်သင်တန်း အမှတ်စဉ်(၁/၂၀၁၁)သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၁၆ ရက် နံနက် ၉ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူစိုးက အမှာစကားပြောကြားပြီး သင်တန်းသား ၁၉ ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် လက်ဝဲဒက်ပြင်ရှည်ကျေးရွာတွင် မြေသားရေလှောင်ကန် တူးဖော်ဆောင်ရွက်နေမှုကို ဇွန် ၁ ရက်က အမှုဆောင်အရာရှိ ဦးစောဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရန်မျိုးကျော်တို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

သက်တမ်းလွန်စားသောက်ကုန်များ ရောင်းချခြင်း ရှိ၊ မရှိ ချောင်းဦး၌ စစ်ဆေး

ချောင်းဦး ဇွန် ၁၁

ချောင်းဦးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက် ဦးဆောင်၍ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် အဖွဲ့ဝန်ထမ်းများ၊ မြို့နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများပါဝင်သော အဖွဲ့သည် မေ ၁၁ ရက်က ချောင်းဦးမြို့တွင်းရှိ မုန့်ဆိုင်များနှင့် မြို့မဈေးအတွင်းရှိ ဆိုင်များတွင် သက်တမ်းလွန် စားသောက်ကုန်ပစ္စည်းများ ရောင်းချခြင်း မပြုစေရေးနှင့် မြို့မဈေးအတွင်းရှိ အသားငါးဆိုင်များ ယင်လုံအုပ်ဆောင်း အသုံးပြုရောင်းချခြင်း ရှိ၊ မရှိကို ကွင်းဆင်းစစ်ဆေးကာ လိုအပ်သည်များ အသိပညာပေး ဟောပြောဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

စာအုပ်စာပေ လူ့မိတ်ဆွေ

အမှာစကားပြောကြား

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ရန်ကုန်ဆိပ်ကမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❒ **ကျောဖုံးမှ**

ကြည့်ရှုစစ်ဆေး

ထို့နောက် ကုန်တင်ယာဉ်ကြီးများ၊ ကုန်သေတ္တာတင်ယာဉ်ကြီးများသွားလာနိုင်ရန် ကမ်းနားလမ်းနှင့် အမှတ်(၂) လမ်းမကြီးကို ဆက်စပ်ပေးမည့်မောင်းမကန် ကမ်းသာလမ်း၊ ဧရာဝဏ်လမ်း၊ ပဲခူးမြစ်လမ်း၊ ရတနာလမ်း၊ ရှုခင်းသာလမ်း၊ ယမုံနာလမ်း၊ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်တထောင်ဈေးလမ်းတို့အား လမ်းပိုင်းအလိုက် ခြောက်လမ်းသွားလမ်းများအဖြစ် တိုးချဲ့တည်ဆောက်နေမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဆိပ်ကမ်းအဖြစ် ပြောင်းလဲတည်ဆောက်သွားမည့် အမှတ်(၆) သစ်စက်ဝင်းသို့ ရောက်ရှိကြရာသစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သစ်စက်ဝင်းမှ ရွှေ့ပြောင်းမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

လျာထားဆောင်ရွက်

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် ဗိုလ်တထောင်မြို့နယ်ရှိ မြန်မာ စက်မှုဆိပ်ကမ်း အမှတ်(၂) ကုန်းတွင်းကုန်သေတ္တာစခန်းနှင့် အမှတ်(၁) MPA-Allied ရန်ကုန် ကုန်းတွင်း ကုန်သေတ္တာစခန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ကုန်သေတ္တာစခန်းများသည် နေရာအကျယ်အဝန်းရှိပြီးဖြစ်၍ နောင်တွင် ဆိပ်ခံတံတားကိုပါ ထည့်သွင်းတည်ဆောက် နိုင်အောင် လျာထားဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် လန်းပြီ ပင်လယ်ရေကြောင်းကုမ္ပဏီလီမိတက်၏ ဗိုလ်အောင်ကျော်ဆိပ်ကမ်းသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ဆိပ်ကမ်းဝန်ဆောင်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းစီစဉ်

ထို့နောက်ဒုတိယသမ္မတနှင့်အဖွဲ့သည် အလုံမြို့နယ်ရှိ မြန်မာစက်မှုဆိပ်ကမ်းဆိပ်ခံတံတားနှင့် အေးရှားဝေါလ်ဆိပ်ကမ်း ဆိပ်ခံတံတား တိုးချဲ့တည်ဆောက်မှု အခြေအနေများနှင့် ဆိပ်ကမ်းအတွင်း ကုန်သေတ္တာများအခြေအနေကို ကြည့်ရှုစစ်ဆေးကြပြီး ဆိပ်ကမ်းများ၌ ကုန်သေတ္တာအလွတ်များကိုပါ ထားသိုသိမ်းဆည်းထားခြင်းကြောင့် ကုန်သေတ္တာများ သယ်ယူရာတွင် ကျဉ်းမြောင်းကျပ်တည်းမှုများရှိနေသည့်အတွက် အဆိုပါကုန်သေတ္တာအလွတ်များကို သင့်လျော်သည့်နေရာသို့ ရွှေ့ပြောင်းထားရှိနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရန်နှင့် မြေနေရာရရှိရေးအတွက်တိုင်းဒေသကြီးဝန်ကြီးချုပ်က ညှိနှိုင်းစီစဉ်ပေးရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ကမ်းနားလမ်းသစ်တစ်လျှောက် လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တက်ရောက်

ယင်းနောက် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးသည် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် ရန်ကုန်ဆိပ်ကမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရန်ကုန်ဆိပ်ကမ်းသမိုင်းအကျဉ်း၊ ရန်ကုန်ဆိပ်ကမ်းမှ ပင်လယ်ဝအထိ ခရီးမိုင်အကွာအဝေး၊ ရန်ကုန်ဆိပ်ကမ်းနယ်မြေရှိ အပြည်ပြည်ဆိုင်ရာဆိပ်ခံတံတားနှင့် ကုန်သေတ္တာစခန်းများအခြေအနေ၊ သီလဝါဆိပ်ကမ်းနယ်မြေရှိ အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားများနှင့်အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားများ၏ အကျယ်အဝန်း၊ တင်ချနိုင်သည့် ကုန်ပစ္စည်းအမျိုးအစားနှင့် ခံနိုင်ဝန်များ၊ဆိပ်ကမ်းများ၌၂၀၁၀-၂၀၁၁ခုနှစ်တွင်ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ရောက်မှု၊ ဆိပ်ကမ်းတစ်ခုချင်းနှင့် ဆိပ်ခံတံတားအလိုက်ကုန်ကိုင်တွယ်နိုင်မှု၊ ဆိပ်ကမ်းအလိုက် ဝင်ငွေရရှိမှု၊ အလုပ်အကိုင်ခန့်ထားနိုင်မှု၊ ရန်ကုန်ဆိပ်ကမ်း တိုးချဲ့တည်ဆောက်ရေးအစီအစဉ်၊ ဆိပ်ကမ်းနေရာသစ်ဖော်ထုတ်မှုနှင့် တိုးတက်ဖြစ်ပေါ်လာမည့် ရန်ကုန်ဆိပ်ကမ်းဒေသအခြေအနေ၊ ဆိပ်ကမ်းတွင်ကုန်သေတ္တာများ စုပြုံကျပ်တည်းမှုအပေါ် ဖြေရှင်းဆောင်ရွက်ပြီးစီးမှု၊ ရန်ကုန်မြစ်ကြောင်းအတွင်း တန်ချိန် ၃၅၀၀၀ ရှိ ရေယာဉ်များ ဝင်ထွက်သွားလာနိုင်ရေးဆောင်ရွက်မှုနှင့် သီလဝါဆိပ်ကမ်းဒေသ၌ ပုဂ္ဂလိကပိုင် စက်သုံးဆီ တင်/ချဆိပ်ခံတံတားများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

တည်ဆောက်

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် လုပ်ငန်းရှင်များက ရန်ကုန်ဆိပ်ကမ်းတိုးချဲ့ရေးအတွက် ကဏ္ဍအလိုက်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက်ဒုတိယသမ္မတသီဟသူရဦးတင်အောင်မြင့်ဦးက ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ရောက်လာသည့် ကုန်စည်ပို့ဆောင်မှုလုပ်ငန်းများ တစ်နေ့တခြားတိုးတက်များပြားလာသဖြင့် လွန်ခဲ့သည့် နှစ်နှစ်ခန့်ကပင် ဆိပ်ကမ်းတိုးချဲ့ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ဆိပ်ကမ်းအဆင့်မြှင့်တင်ရာတွင်လည်း ခေတ်မီဆိပ်ကမ်းတစ်ခုတွင်ပါရှိရမည့် လိုအပ်ချက်များကိုပါ ထည့်သွင်းတည်ဆောက်သွားရန်လိုကြောင်း။

ဖောက်လုပ်လျက်ရှိ

ရန်ကုန်ဆိပ်ကမ်း တိုးချဲ့မှုလုပ်ငန်းနှင့်အတူ ကမ်းနားလမ်းတွင် ယာဉ်ကြောပိတ်ဆို့မှု မရှိစေရန်အတွက် ကုန်တင်ယာဉ်ကြီးများ ဝင်/ထွက်သွားလာနိုင်သည့် ကမ်းနားလမ်းသစ်ကိုပါ တစ်ပါတည်း ဖောက်လုပ်လျက်ရှိကြောင်း။

တိုးချဲ့

ယနေ့ရေကြောင်းကုန်စည်ပို့ဆောင်မှုအနေဖြင့်ရန်ကုန်ဆိပ်ကမ်းနှင့်သီလဝါဆိပ်ကမ်းနှစ်ခု၌ ဆိပ်ခံတံတား ၂၃စင်းရှိပြီး သင်္ဘော ၂၃ စင်း တစ်ပြိုင်နက်ဆိုက်ကပ်၍ ကုန်တင်၊ ကုန်ချဆောင်ရွက်နိုင်ကြောင်း၊ တစ်နှစ်လျှင်ကုန်တန်ချိန် သန်း၂၀ခန့်သာ ကိုင်တွယ်ဆောင်ရွက်နိုင်သည်ဟု သိရကြောင်း၊ လက်ရှိတွင် ဆိပ်ကမ်းများ၏ ဝန်ဆောင်နိုင်မှု ၇၀ ရာခိုင်နှုန်းခန့်ကို ကိုင်တွယ်ဆောင်ရွက်နေသည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်၍ ဆိပ်ကမ်း ဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့ရန် လိုအပ်လာကြောင်း။

ဆိပ်ခံတံတားတည်ဆောက်

ယခု ရန်ကုန်ဆိပ်ကမ်းတိုးချဲ့မှု စီမံကိန်း ပြီးစီးပါက ဆိပ်ခံတံတား ၄၁ စင်းတွင် သင်္ဘော ၄၃ စင်း တစ်ပြိုင်နက် ဆိုက်ကပ်နိုင်ပြီး တစ်နှစ်လျှင် ကုန်တန်ချိန် သန်း ၈၀ ကျော်အထိ ကိုင်တွယ်ဆောင်ရွက်ပေးသွားနိုင်မည် ဖြစ်ကြောင်း၊ ထို့ပြင် ဗိုလ်တထောင်စေတီတော်နှင့် ဗိုလ်အောင်ကျော်လမ်းအကြားရှိ ဆိပ်ကမ်းမြေတွင်လည်း ဆိပ်ခံတံတားတည်ဆောက်သွားရန် ဖြစ်ကြောင်း။

ရေးဆွဲဆောင်ရွက်

ရန်ကုန်ဆိပ်ကမ်းတိုးချဲ့ရေးလုပ်ငန်းနှင့်အတူ လက်ရှိတန်ချိန် ၁၅၀၀၀ရှိ သင်္ဘောများသာ ဝင်/ထွက်နိုင်သည့် ရေလမ်းကြောင်းကိုလည်း တန်ချိန် ၃၀၀၀၀ နှင့် ၃၅၀၀၀ရှိသည့် သင်္ဘောကြီးများ ဝင်/ထွက်နိုင်သည့် ရေစူးအနက်ရရှိအောင် ဆက်စပ်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ဆိပ်ကမ်းတိုးချဲ့တည်ဆောက်မှုလုပ်ငန်းများကို ပထမအဆင့်အနေဖြင့် အမှတ်(၆) သစ်စက်မှ ထီးတန်းကြက်လျှာစွန်းအထိ တိုးချဲ့ဆောင်ရွက်သွားနိုင်ရေးအတွက် Master Plan ရေးဆွဲဆောင်ရွက်ရန်ဖြစ်ကြောင်း။

ညှိနှိုင်း

ရန်ကုန်ဆိပ်ကမ်း ဖွံ့ဖြိုးရေးနှင့် စွမ်းဆောင်ရည် မြင့်မားရေးအတွက် တိုးချဲ့ ဆောင်ရွက်ကြရာတွင်လည်း လက်ရှိလုပ်ငန်းခွင်မပျက်စေဘဲ ပြုပြင်တိုးချဲ့ဆောင်ရွက်သွားရန်လိုကြောင်း၊ လက်ရှိရေလမ်းကြောင်းများ တစ်ဆက်တစ်စပ်တည်း ပွင့်လင်းမှု ရှိစေရန်နှင့် ဆိပ်ကမ်းတစ်ခုနှင့်တစ်ခု ကွာဟမှု မရှိစေဘဲ ဟန်ချက်ညီညီ ဖွံ့ဖြိုးမှုရှိအောင် ဆက်စပ်ဆောင်ရွက်သွားရန် လိုကြောင်း၊ စီမံကိန်း လုပ်ငန်းကို လာမည့် သုံးနှစ်ခန့်အချိန်အတွင်း ပြည့်ပြည့်စုံစုံ ပြီးစီးရေးအတွက် သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များက ညှိနှိုင်းဆောင်ရွက်သွားရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

(သတင်းစဉ်)

တိုးချဲ့တည်ဆောက်

ရန်ကုန်မြို့ အလုံမြို့နယ်ရှိ အေးရှားဝေါလ် ဆိပ်ကမ်းဆိပ်ခံတံတား တိုးချဲ့တည်ဆောက်နေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဖိလစ်ပိုင်နိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၁၁ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၁၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အဲယ်လ်ဘတ် အက်ဖ်ဒယ့်လ်ရိုစာရီယိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ရုရှားနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၁၁ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂီ၊ ဗွီ၊ လပ်ဗ်ရော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းနှင့် ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနား ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် တက်ရောက်

နေပြည်တော် ဇွန် ၁၁

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၀ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာနရုံးမျက်နှာစာနှင့် ရုံးပရဝဏ်အတွင်းတို့၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်(အပေါ်ပုံ)နှင့် ဒုတိယဝန်ကြီး ဦးကျော်လွင်တို့တက်ရောက်၍ သစ်ပင်များ စိုက်ပျိုးပေးကြသည်။

စိုက်ပျိုးပေး

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ကံ့ကော်နှင့် ခရေပင်တို့ကိုလည်းကောင်း၊ ဒုတိယဝန်ကြီးက ခရေပင်နှင့် ကံ့ကော်ပင်တို့ကိုလည်းကောင်း စိုက်ပျိုးပေးကြပြီးနောက် ဌာနဆိုင်ရာ အကြီးအကဲများက တမာပင်၊ ပိတောက်ပင်၊ စိန်ပန်းပင်စသည့် အပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝန်ထမ်းမိသားစုများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးကြသည်။

စိုက်ထည့်

ဆက်လက်၍ ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများက ဆောက်လုပ်ရေးဝန်ကြီးဌာန လှျိုပိတ်တမံ အမှတ်(၁)၊ (၂)နှင့် (၃)တို့၌ ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၂၀၀၀၊ ငါးခုံးမသားပေါက်ကောင်ရေ ၁၅၀၀ နှင့် ရွှေရောင်ငါးကြင်းသားပေါက်ကောင်ရေ ၁၅၀၀ စုစုပေါင်း ငါးကောင်ရေ ၅၀၀၀ တို့ကို စိုက်ထည့်ပေးကြသည်။

ယခုနှစ် ဆောက်လုပ်ရေးဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း ၁၅၀၊ ပျဉ်းကတိုး ၁၅၀၊ ကုက္ကို ၅၀၊ ကံ့ကော် ၁၀၀၊ ပိတောက် ၁၅၀၊ ခရေ ၁၀၀၊ တမာ ၁၅၀၊ စိန်ပန်း ၁၀၀၊ မဟော်ဂနီ ၁၀၀ နှင့် စိန်တလုံးသရက် ၃၀၀ စုစုပေါင်း အရိပ်ရပင်များနှင့် ပျိုးပင်ပေါင်း ၁၃၅၀ တို့ကို ဝန်ထမ်းမိသားစုများက စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၆-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**ပါရာယန သုတ္တန်** တရားတော် (အပိုင်း-၃) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၃၂)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၉၀)
၈:၅၀	သာသနာတော်အတွက် ရည်မျှော်·· ထေရဝါဒဓမ္မဗိမာန်တော်
၉:၀၅	အရွယ်မရွေးလှပစေဖို့···
၉:၂၀	ရန်ကုန်မြင်ကွင်းကျယ် (Toshiba New Product Launch)
၉:၃၅	Sunday Talk မောင်လူမွေး(မြန်မာမှု)၊ မျိုးမြတ်သူ
၁၀:၁၀	ရန်ကုန်မြင်ကွင်းကျယ် (ယုအလှပြင်သင်တန်းကျောင်းမှ အသားအရေထိန်းသိမ်းခြင်း ပညာပေးဆွေးနွေးပွဲ)
၁၀:၂၅	ဗီဒီယိုပြခန်း
၁၀:၅၀	ဈေးဝယ်လမ်းညွှန် (ရွှေဝတ်မှုန် အာမခံရတနာရွှေဆိုင်)
၁၁:၂၀	Sports Diary
၁၁:၄၅	ရန်ကုန်မြင်ကွင်းကျယ် (LCCI Oraduation & Outstanding Award Ceremony)
၁၂:၀၀	စိန်ကြယ်ပွင့်တို့ရဲ့ သားအိမ်ခေါင်းကင်ဆာစကားဝိုင်း (ဒေါက်တာမေသူမျိုးညွန့်၊ တင်မိုးလွင်၊ အိန္ဒြာကျော်ဇင်၊ ချစ်သုဝေ)
၁၂:၂၅	ရန်ကုန်မြို့ မိုးညှင်းဝိပဿနာတိုက်သစ် ဓမ္မဒိန္နာအမျိုးသမီး ယောဂီ လေးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ
၁:၀၀	**ပါရာယန သုတ္တန်** တရားတော် (အပိုင်း-၃) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	စကားနပန်း **ဝေဖန်တာ ကောင်းတယ် မဝေဖန်တာ ကောင်းတယ်**
၃:၃၀	သဘာဝဆေးစွမ်းထက်သော မြန်မာ့တပင်တိုင်မြနန်း
၃:၄၅	စာပန်းအိမ်၏ သမိုင်းသစ်
၄:၀၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၉၀)
၅:၀၀	FMF Selection
၅:၃၀	ဂဏန်းသင်္ချာပျော်စရာ
၆:၀၀	MRTV-4 သတင်း
၆:၂၀	Global Panorana (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၆:၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၃၃)
၇:၂၅	သွားမယ်စားမယ် (Fuli အသားကင်)
၇:၄၅	ရေသန့်ဆိုသည်မှာ···
၈:၀၀	MRTV-4 သတင်း
၈:၃၀	Kid's Show
၉:၀၀	ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၁၉)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၉၁)
၁၀:၂၀	ပရီမီယာလိဂ်ရင်ခုန်သံ
၁၀:၄၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ပင်လယ်ထက်က နေဝန်းနီ**
၁၁:၀၅	နယည်ဆန်းထွင် ပန်းအလှဆင် (ပန်းဘောလုံးပြုလုပ်နည်း)
၁၁:၂၅	စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ဒိန်ချဉ်ပြုလုပ်နည်း)
၁၁:၃၅	Let's Dance (The Uranium)
၁၂:၀၀	ရာဇဝင်မြစ်ကမ်းပေါ်မှ··· နားခိုရာ
၁၂:၃၀	ဒို့တိုင်းဌာနီဧရာဝတီ (ကြီးမားဖွံ့ထွား ဧရာဝတီရဲ့ငါး)
၁၂:၅၀	ရှုမငြီးဖွယ်စုံညီ··· ထားဝယ်မြို့ဂုဏ်ရည်
၁:၁၀	ရွှေအလင်းအိမ်မှသည် ကားပိုင်ရှင်များဆီသို့
၁:၂၅	ဆန်းသစ်တီထွင်လာသော မြန်မာ့ရုပ်သေးအကများ
၁:၃၅	အများထဲက တစ်ယောက်
၁:၅၀	ဖန်တီးသူတို့ကမ္ဘာ
၂:၀၅	ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Lucky Prize)
၂:၃၀	အလှဆင်စရာ ပရိဘောဂကမ္ဘာ (ရွှေပင်ငွေပင်ဦးသန်းထွန်း ပရိဘောဂ)
၂:၄၅	လှပသက်ဝင် ဖော့ပန်းပုရုပ်သွင်
၃:၀၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄:၀၀	Treasure From The Earth (အပိုင်း-၁)
၄:၂၅	တန်ခိုးထွန်းခေါင် ရွှေနတ်တောင်
၄:၄၅	သမိုင်းထဲက မင်းကွန်း လင်းလွန်းသည့် သာသနာ
၅:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၁

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးရုံးပရဝဏ် သစ်ပင်စိုက်ခင်းများ၌ကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း(အပေါ်ပုံ)နှင့် ဇနီးတို့က သစ်ဆိမ့်ပင်၊ ကံ့ကော်ပင်နှင့် သရက်ပင်များကို စိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးက ဌာနဆိုင်ရာ အကြီးအကဲများနှင့် အင်ဂျင်နီယာချုပ်များအား ပျိုးပင်များပေးအပ်ပြီး ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ငါးမျိုးစိုက်ထည့်ပွဲကို ဝန်ကြီးရုံး လှျိုပိတ်ဆည်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများက ငါးသားပေါက်မျိုးစုံတို့ကို စိုက်ထည့်ပေးကြသည်။

စိုက်ထည့်ပေး

အဆိုပါ ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ကုက္ကို၊ သစ်ဆိမ့်၊ ကံ့ကော်၊ ပိတောက်၊ ငုဝါ၊ စိန်ပန်းကြီး၊ စွယ်တော်၊ တမာ၊ မဲဇလီ၊ ရင်းမာ၊ ယူကလစ်၊ အော်ရီရှား၊ မန်ကျည်း၊ ရေတမာနှင့် စိန်တလုံး သရက်ပင်များ စုစုပေါင်း သစ်ပင် ၅၀၀၀ ကျော် စိုက်ပျိုးခဲ့ပြီး ငါးမျိုးစိုက်ထည့်ပွဲတွင် ငါးမြစ်ချင်း၊ ငါးကြင်း၊ ယိုးဒယားငါးခုံးမနှင့် ငါးရှူသားပေါက်များ စုစုပေါင်း ကောင်ရေ ၇၀၀၀ တို့ကို စိုက်ထည့်ပေးခဲ့သည်။

(သတင်းစဉ်)

သစ်တော သစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

KNU အကြမ်းဖက် သောင်းကျန်းသူများထောင်ထားသော မိုင်းများနင်းမိသဖြင့် အပြစ်မဲ့ပြည်သူများ ဒဏ်ရာရရှိ

နေပြည်တော် ဇွန် ၁၁

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ပဒဲကောကျေးရွာနေ ဦးသာတိုး အသက် ၇၀၊ ရွှေကျင်မြို့နေ ဦးကျော်ဌေး ၂၅ နှစ်နှင့် ဦးကြည်လွင် ၃၅ နှစ်တို့သည် ယနေ့ နံနက် ၈နာရီခန့်တွင် ရွာ၏ အရှေ့တောင်ဘက် သုံးမိုင်ခန့်အကွာရှိ ရော်ဘာခြံများအတွင်း ခြံလုပ်ငန်း လုပ်ကိုင်နေကြစဉ် KNU အကြမ်းဖက်သောင်းကျန်းသူများထောင်ထားသော မိုင်းများနင်းမိသဖြင့် ဘယ်ခြေချင်းဝတ်မှပြတ် ဒဏ်ရာအသီးသီးရရှိခဲ့သည်။

အဆိုပါ ဒဏ်ရာရရှိသူများအား နယ်မြေခံတပ်မှ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးခဲ့ပြီး ရွှေကျင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော် မြို့မဈေးရှိ အများပြည်သူသုံး သန့်စင်ခန်းအတွင်း ပေါက်ကွဲမှု တစ်ခုဖြစ်ပွား၊ သုံးဦးဒဏ်ရာရရှိ တရားခံဖမ်းဆီးရမိရေးအတွက် စုံစမ်းစစ်ဆေးဖော်ထုတ်လျက်ရှိ

နေပြည်တော် ဇွန် ၁၁

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဇေယျာသိဒ္ဓိရပ်ကွက် မြို့မဈေးရှိ အများပြည်သူသုံး ငါးခန်းတွဲ သန့်စင်ခန်း နှစ်လုံးအနက် တစ်လုံး၏ ဝဲအစွန် သန့်စင်ခန်းအတွင်း ယမန်နေ့ ည ၉ နာရီခွဲခန့်တွင် ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ပို့ဆောင်ကုသပေး

ပေါက်ကွဲမှုကြောင့် သန့်စင်ခန်း အုတ်နံရံပြိုကျကာ ခေါင်မိုး ပွင့်ထွက်သွားခဲ့ကြောင်း၊ အုတ်ကျိုးစများ လွင့်စဉ်ထိမှန်ခဲ့မှုကြောင့် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ဖူးရောင်နာကျင်ဒဏ်ရာများ(မစိုးရိမ်ရ) ရရှိခဲ့ကြကြောင်း၊ ပေါက်ကွဲမှုဖြစ်ပွားရာသို့ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးကာ ဒဏ်ရာရလူနာသုံးဦးအား နေပြည်တော် ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသပေးပြီး လိုအပ်သည်များ ကူညီပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

နှိုးဆော်ထား

ပြီးခဲ့သည့် မေ ၁၈ ရက်က ဖြစ်ပွားခဲ့သည့် အမြန်လူစီးရထားဗုံးပေါက်ကွဲမှုဖြစ်စဉ်၏ တရားခံဖောက်ခွဲသူအား တာဝန်သိပြည်သူများ၏ သတင်းပေး ပူးပေါင်းကူညီမှုဖြင့် မေ ၂၉ ရက် ညပိုင်းက ဖမ်းဆီးရမိခဲ့သကဲ့သို့ ယခုဖြစ်စဉ်မှ တရားခံကိုလည်း အမြန်ဖမ်းဆီးရမိစေရန် ဒေသခံပြည်သူများက လိုလားလျက်ရှိကြောင်း၊ တာဝန်ရှိသူများကလည်း တရားခံအား အမြန်ဖမ်းဆီးရမိရေးအတွက် စုံစမ်းစစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း၊ ယခင်ပေါက်ကွဲမှု ဖြစ်စဉ်များ၌ တရားခံများအား တာဝန်သိပြည်သူများနှင့် တာဝန်ရှိသူများ ပူးပေါင်း ဖမ်းဆီးရမိခဲ့သည့် အစဉ်အလာအတိုင်း ယခုဖြစ်စဉ်၌လည်း တာဝန်သိ ပြည်သူများအနေဖြင့် မသင်္ကာသူတွေ့ရှိပါက အမြန်ချက်ချင်း ဆက်သွယ်သတင်းပေးပို့ကြပါရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်သစ်ပင်စိုက်

နေပြည်တော် ဇွန် ၁၁

တနင်္သာရီတိုင်း ဒေသကြီး၏ ၂၀၁၁ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ထားဝယ်မြို့ မောင်မယ်ရှောင်ကျေးရွာ ထားဝယ်နည်းပညာတက္ကသိုလ်ရှေ့၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော် တက်ရောက်၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများအား ပျိုးပင်များကို ပေးအပ်သည်။

ကြည့်ရှုအားပေး

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများသည် ၂၀၁၁ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ် ကံ့ကော်ပင်၊ ခရေပင်၊ မဟော်ဂနီပင်နှင့် ကျွန်းပင်တို့ကို စိုက်ပျိုးပေးကြပြီးသစ်ပင်စိုက်ပျိုးပွဲတွင် သစ်ပင်၊ ပျိုးပင်များ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

စိုက်ပျိုး

တနင်္သာရီတိုင်း ဒေသကြီး၏ ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် ကံ့ကော်၊ ခရေ၊ မဟော်ဂနီ၊ ကျွန်း၊ စွယ်တော်၊ မဲဇလီ၊ ပျဉ်းကတိုးနှင့် စိန်ပန်းကြီး ပျိုးပင် ရှစ်မျိုး၊ ပျိုးပင်သစ်ပင် စုစုပေါင်း ၃၆၀၀ ကျော်ကို စိုက်ပျိုးခဲ့ကြသည်။ **(သတင်းစဉ်)**

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနား ချင်းပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် ဇွန် ၁၁

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းသည် ယနေ့နံနက် ၇ နာရီခွဲတွင် ဟားခါးမြို့ တော်လှန်ရေးရေကန် ရေထိန်းဇရိယာ၌ ကျင်းပသည့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ပြီး အရိပ်ရလေကာပင်များကို ပါဝင်စိုက်ပျိုး ကြည့်ရှုအားပေးသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်နှင့်ကျေးရွာ ပြည်သူများ အင်အား ၁၀၂၀တို့က မှိုင်းဘောအပင်၇၅၀၊ ရေသင်းဝင် အပင် ၆၀၀၊ ချယ်ရီအပင် ၈၀၀နှင့် မိုးမခအပင် ၅၀၀ စုစုပေါင်း အပင် ၂၆၅၀ကို စုပေါင်းစိုက်ပျိုးကြသည်။

အလားတူ မင်းတပ်ခရိုင်နှင့် ဖလမ်းခရိုင်တို့ရှိ မြို့နယ်များတွင်လည်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကိုကျင်းပ၍ သစ်ပင်ပျိုးပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**

တွံတေးမြို့ ကွမ်းခြံပိုင်းနေ ဦးမောင်ကြီး- ဒေါ်စိန်ရှင်အား ရည်စူး၍ ဦးမြဝင်း-ဒေါ်ကြည်ကြည်ဝင်း၊ မောင်ကျော်သူ-မခိုင်မြရည်ဝင်း မိသားစုက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာဆေးကုသဆောင်အတွက် ငွေကျပ် တစ်သိန်းကို ဘိုးဘွားရိပ်သာ အလုပ်အမှုဆောင် တွဲဖက်အတွင်းရေးမှူး ဦးစိုးဝင်းထံ လှူဒါန်းစဉ်။ (၁၀၅)

မြန်မာ့အလင်း ပြည် တွင်း အား က စား သ တင်း

မြန်မာ့လက်ရွေးစင်အမျိုးသားတင်းနစ်အသင်း သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့သို့ ပြိုင်ပွဲဝင်ရန်ထွက်ခွာ

ရန်ကုန် ဇွန် ၁၁

၂၀၁၁ ခုနှစ် ဇွန် ၁၃ ရက်မှ ၂၂ ရက်အထိ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ ကျင်းပမည့် ၂၀၁၁ ခုနှစ် Davis Cup By BNP Paribas Asia/ Oceania Zone Group (III) တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်အသင်းခေါင်းဆောင် သီရိလင်္ကာနိုင်ငံသို့ ထွက်ခွာသွားကြရာ မြန်မာ့လက်ရွေးစင် အမျိုးသား တင်းနစ်အသင်းအား မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးလေးနိုင်နှင့် အမှုဆောင်များက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

ဝန်ကြီးဌာန)၊ ဇော်ဇော်လတ်နှင့် ငယ်နှောင်းတို့ လိုက်ပါသွားကြသည်။

ကစားခွင့်ရရှိ

မြန်မာတင်းနစ်အသင်းသည် ယမန်နှစ်က Group (IV) ပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သဖြင့် ယခုနှစ်တွင် ပထမဆုံးအကြိမ် Group (III)သို့ တက်ရောက် ကစားခွင့် ရရှိခြင်းဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဦးမင်းမင်း ဦးဆောင်သော မြန်မာ့လက်ရွေးစင် အမျိုးသား တင်းနစ်အသင်းသည် ဇွန် ၁၀ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် မြန်မာ့လက်ရွေးစင် အမျိုးသား တင်းနစ်အသင်းတွင် ဖြိုးမင်းသာ (အမှတ်-၁ စက်မှုဝန်ကြီးဌာန)၊ အောင်ကျော်နိုင် (သစ်တောရေးရာ

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

အကောင်းဆုံး CMT တေးဂီတဆု လေဒီအန်တေဘယ်လမ်အဖွဲ့ ဆွတ်ခူးရရှိ

မြင့်မောင်စိုး-စုစည်းသည်

တင်နက်ဆီ ဇွန် ၁၁

(၄၆)ကြိမ်မြောက် စီအမ်တီဂီတဆု (CMT Music Award) ဆုပေးပွဲအခမ်းအနားကို ဇွန် ၈ ရက်က အမေရိကန်နိုင်ငံ တင်နက်ဆီပြည်နယ် နက်ချ်ဗီလီမြို့၌ ကျင်းပခဲ့ရာ လေဒီအန်တေဘယ်လမ် (Lady Antebellum) တေးဂီတအဖွဲ့က တစ်နှစ်တာ အကောင်းဆုံး အုပ်စုလိုက်ဗီဒီယိုဆု (Group Video of the Year) ကို ဆွတ်ခူးရရှိသွားခဲ့သည်။

ဂရမ်မီဆုဆွတ်ခူး

အဆိုပါတေးဂီတအဖွဲ့တွင် ကျေးလက်အဆိုတော်များဖြစ်ကြသည့် ချားလ်(စ်)ကယ်လေ **(ဝဲအစွန်)**၊ ဟီလာရီစကော့တ် (Hillary Scortt) **(လယ်)**နှင့် ဒေ့ဗ်ဟေးဝုဒ်(Dave Haywood) **(ယာအစွန်)**တို့ပါဝင်ကြသည်။ ယင်းအဖွဲ့သည် ယခု CMT ဆုပေးပွဲတွင် Hello World အမည်ရှိ တေးအယ်လ်ဘမ်ဖြင့် အဖွဲ့လိုက် အကောင်းဆုံးဗီဒီယိုဆု ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းအဖွဲ့သည် ပြီးခဲ့သည့်နှစ်က Need You Now အမည်ရှိ တေးအယ်လ်ဘမ်ဖြင့် ဂရမ်မီဆုများ ဆွတ်ခူးခဲ့ဖူးသည်။

အကောင်းဆုံးဗီဒီယိုဆု

စီအမ်တီဆုပေးပွဲတွင်တစ်နှစ်တာအကောင်းဆုံး ဗီဒီယိုတေးအယ်လ်ဘမ်ဆုကို အမျိုးသမီး အဆိုတော် တေလာဆွစ်၏ Mine အမည်ရှိ တေးအယ်လ်ဘမ်က ဆွတ်ခူးနိုင်ခဲ့သည်။ တစ်နှစ်တာ အကောင်းဆုံးအမျိုးသား ဗီဒီယိုဆုကို အဆိုတော် ဘလိတ်ရှယ်လ်တန်က Who are you When I'm Not Looking တေးအယ်လ်ဘမ်ဖြင့် ဆွတ်ခူးနိုင်ခဲ့သည်။ တစ်နှစ်တာအကောင်းဆုံးအမျိုးသမီးဗီဒီယိုဆုကို အဆိုတော် မီရန်ဒါလမ်းပတ်(Miranda Lambert) က ဆွတ်ခူးနိုင်ခဲ့သည်။

တစ်နှစ်တာ အကောင်းဆုံးနှစ်ယောက်တွဲဗီဒီယိုဆုကို ရှုဂါးလန်း Sugarland အဖွဲ့က Stuck Like Glue တေးအယ်လ်ဘမ်ဖြင့် ဆွတ်ခူးနိုင်ခဲ့သည်။ တစ်နှစ်တာအောင်မြင်ကျော်ကြားမှုအရှိဆုံး နှစ်ယောက်တွဲ ဗီဒီယိုဆုကို The Band Perry အဖွဲ့က If I Die Young တေးအယ်လ်ဘမ် ဖြင့် ဆွတ်ခူးနိုင်ခဲ့သည်။

အကောင်းဆုံးဗီဒီယိုဒါရိုက်တာဆု

တစ်နှစ်တာအကောင်းဆုံး စီအမ်တီဖျော်ဖြေတင်ဆက်မှု ဗီဒီယိုဆုကို ဂျင်မီဘွတ်ဘတ်နှင့် ဂျက်ဘရောင်းတီးဝိုင်းအဖွဲ့က Magaritaville တေးအယ်လ်ဘမ်ဖြင့် ဆွတ်ခူးရရှိသွားခဲ့သည်။ တစ်နှစ်တာအကောင်းဆုံးဗီဒီယို ဒါရိုက်တာဆုကို ထရေးဖန်ဂျိုင်းက The House That Built me နှင့် Who Are You When I am Not Looking တေးအယ်လ်ဘမ်များဖြင့် ဆွတ်ခူးနိုင်ခဲ့သည်။ **(အင်တာနက်)**



အာဂျင်တီးနားနှင့် နိုင်ဂျီးရီးယားအသင်းများ ဘင်္ဂလားဒေ့ရှ်၌ ဘောလုံးပွဲကစားမည်

ဒါကာ ဇွန် ၁၁

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အာဂျင်တီးနားနှင့် နိုင်ဂျီးရီးယားဘောလုံးအသင်းများ ချစ်ကြည်ရေး ဘောလုံးပွဲနှစ်ပွဲ လာရောက်ကစားရန် စီစဉ်နေကြောင်း ဘင်္ဂလားဒေ့ရှ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက ဇွန် ၁၁ ရက်၌ ပြောကြားသည်။

ပြောကြား

*လာမည့်စက်တင်ဘာ ၆ ရက်၌ ဒါကာမြို့တွင် ကစားကြမည့် ချစ်ကြည်ရေးဘောလုံးပွဲ နှစ်ပွဲအတွက် ငွေကြေး အမေရိကန်ဒေါ်လာလေးသန်းတန် သဘောတူစာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်ကြောင်း၊ အာဂျင်တီးနားအသင်း၌ မက်ဆီ**(အပေါ်ဝဲပုံ)**ပါဝင်ကစားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ယခုကဲ့သို့စီစဉ်ခြင်းမှာ ဘင်္ဂလားဒေ့ရှ်လူငယ်များ ဘောလုံးကစားရန် စိတ်ဝင်စားမှုများပိုမိုဖြစ်ပေါ်စေရေး တွန်းအားတစ်ရပ်ဖြစ်စေမည်ဟုလည်း ၎င်းက ထပ်လောင်းပြောကြားသည်။* **(အင်တာနက်)**

မန်ယူကွင်းလယ်အတွက် နာဆရီကို ခေါ်ယူမည်

မောင်ချစ်ကြည် စုစည်းသည်

လန်ဒန် ဇွန် ၁၁

မန်ယူကလပ်သည် အာဆင်နယ်အသင်းကွင်းလယ် ကစားသမားနာဆရီ**(ယာပုံ)**အားပြောင်းရွှေ့ကြေး ပေါင် ၁၀ သန်းပေးပြီးခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း အာဆင်နယ်အသင်းက ဇွန် ၁၁ ရက်၌ သတင်းထုတ်ပြန်သည်။

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးနှင့် မန်ယူတို့ ဆွေးနွေးမှုများ စတင်ပြုလုပ်လျက်ရှိသည်။ အာဆင်နယ်အသင်းသည် နာဆရီအား တစ်ပတ်လုပ်ခ ပေါင် ၉၀၀၀၀ ဖြင့် ငါးနှစ်စာချုပ်ထပ်မံချုပ်ဆိုရန် ဆွေးနွေးမှုကို နာဆရီက ငြင်းပယ်ထားသည်။ မန်ယူသည် အင်တာမီလန်မှ ရှနိုက်ဒါ၊ စပါးအသင်းမှ လူကာမိုဒရစ်တို့ကိုလည်း ခေါ်ယူရန်ပစ်မှတ်ထားနေသည်။ *(အင်တာနက်)*

လုပ်ငန်းညှိနှိုင်းအစည်းအဝေးအတွေ့အကြုံ တောင်ကြီး၌ ထပ်ဆင့်ရှင်းလင်းပွဲ ကျင်းပ

တောင်ကြီး ဇွန် ၁၁

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးချုပ်၊ ပြည်ထောင်စုလွှတ်တော်တရားသူကြီးများ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားရေးဦးစီးမှူးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအတွေ့အကြုံ ထပ်ဆင့်ရှင်းလင်းပွဲကို မေ ၂၁ရက် နံနက် ၉နာရီက ရှမ်းပြည်နယ်တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြန်လည်ရှင်းလင်း

ရှေးဦးစွာ ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးကြွယ်က ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေ၊ နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းတွင်ပါရှိသည့် တရားစီရင်ရေးဆိုင်ရာလမ်းညွှန်မှုများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးချုပ်၏ မိန့်ခွန်းနှင့် တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များကို ပြန်လည်ရှင်းလင်းသည်။ **(အပေါ်ပုံ)**

ဆွေးနွေးပြောကြား

ထို့နောက် ပြည်နယ်တရားလွှတ်တော် တရားသူကြီး ဒေါ်ခင်မေတင့်၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီး ဦးခင်မောင်ဌေး၊ ပြည်နယ်တရားရေးဦးစီးမှူး ဒေါ်ခင်မြင့်ရီ၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာအောင်တို့က ဆွေးနွေးပွဲတက်ရောက်လာကြသူများအား လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးပြောကြားခဲ့ကြကြောင်း သိရှိရသည်။ **(၁၈၉)**

ငါးသယံဇာတ ထိန်းသိမ်းရေး ညောင်တုန်းမြို့နယ်၌ ပညာပေးဟောပြော

ညောင်တုန်း ဇွန် ၁၁

ညောင်တုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသော ငါးသယံဇာတ ထိန်းသိမ်းရေး ပညာပေးဟောပြောပွဲကို ညောင်တုန်းမြို့နယ်စက်မှုလယ်ယာဦးစီးဌာန၌ ဇွန် ၂ ရက် နံနက် ၉ နာရီကကျင်းပရာ ဟောပြောပွဲတွင် ညောင်တုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးဌာနမှူး ဦးသက်ဦး **(ဝဲအောက်ပုံ)**က ငါးသယံဇာတများ ရေရှည်တည်တံ့ရန်၊ ငါးမျိုးပြုန်းတီးမှုမှ ကာကွယ်ရန်၊ ငါးရစ်ငါးသန် မဖမ်းဆီးရေး၊ တားမြစ်ထားသော ငါးဖမ်းနည်းများဖြစ်သည့် ဘက်ထရီ ရှော့ခ်တိုက် ငါးဖမ်းခြင်း၊ ဓာတုဆေးဝါး၊ ပိုးသတ်ဆေးများ အသုံးပြု၍ အဆိပ်ချ ငါးဖမ်းဆီးခြင်း မပြုလုပ်ရန်၊ တားမြစ်ချက်များကို လိုက်နာကြရန် ပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။ **(၀၈၂)**

တီဘီရောဂါ ကာကွယ်ရေး ဆွေးနွေးပွဲကျင်းပ

တပ်ကုန်း ဇွန် ၁၁

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ လူထုအခြေပြု တီဘီရောဂါကာကွယ်စောင့်ရှောက်ရေးစီမံချက်၏ အသိပေးရှင်းလင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၆ ရက် နံနက် ၉ နာရီက နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာထွန်းထွန်းက အမှာ စကားပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ လူထုအခြေပြု တီဘီရောဂါကာကွယ် စောင့်ရှောက်ရေးစီမံချက် မန်နေဂျာ ဒေါက်တာ ဒေါ်ခင်မျိုးမြင့် (ဒုတိယ ဌာနမှူး၊ ကျန်းမာရေး)က စီမံချက်လုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ၂၀၁၁ ခုနှစ်တွင် တပ်ကုန်း၊ ရမည်းသင်း၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ ကျောက်တန်း၊ တွံတေးနှင့် သုံးခွ မြို့နယ်များတွင် တီဘီရောဂါကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို အမျိုးသား တီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်းနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(၀၂၁)**

နမ္မတူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးအောင်မျိုးဇော်နှင့် အဖွဲ့ဝန်ထမ်းများ မေ ၂၁ ရက်က မြို့အဝင်လမ်းမြေယာရှုခင်းအလှပြုပြင်ခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးခြင်း ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးဆန်းမင်း ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

၂၀၁၁ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာ၊ စာစီစာကုံး၊ ဖိတ်ခေါ်ရောင်စုံဓာတ်ပုံနှင့် ဖိတ်ခေါ်ဆောင်းပါး ပြိုင်ပွဲများ ကျင်းပမည်

နေပြည်တော် ဇွန် ၁၁

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်း၍ ၂၀၁၁ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲများကို ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲများအတွက် ခေါင်းစဉ်မှာ "The World at 7 Billion " (လူဦးရေ သန်းခုနစ်ထောင်ရဲ့ ဝန်တာ၊ ထမ်းဆောင်နေတဲ့ ဒို့ရဲ့ကမ္ဘာ) ဖြစ်သည်။

ပိုစတာပြိုင်ပွဲ

အသက်အလိုက် အဆင့်(၁)တွင် အသက်ခြောက်နှစ်မှ ရှစ်နှစ်၊ အဆင့်(၂)တွင် အသက်ကိုးနှစ်မှ ၁၂ နှစ်၊ အဆင့်(၃)တွင် အသက် ၁၃ နှစ်မှ ၁၅ နှစ်၊ အဆင့်(၄)တွင် အသက် ၁၆ နှစ်မှ ၁၈ နှစ်၊ အဆင့်(၅) အလွတ်တန်း ဖိတ်ခေါ်ပြိုင်ပွဲတွင် အသက် ၁၉ နှစ်နှင့်အထက် သတ်မှတ်ထားပါသည်။ အဆင့် (၁)မှ အဆင့်(၄)အထိပြိုင်ပွဲကို နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ သတ်မှတ်ထားသော နေရာများ၌ ဇွန် ၁၈ ရက် (စနေနေ့) နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ ကျင်းပသွားမည်ဖြစ်ရာ ထုတ်ပေးမည့် ၁၅ လက်မ × လက်မ ၂၀ ပုံဆွဲစက္ကူဖြင့်သာ လက်တွေ့ရေးဆွဲယှဉ်ပြိုင်ရမည် ဖြစ်သည်။

ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးများနှင့် နေပြည်တော်ကောင်စီနယ်မြေအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးတို့တွင် ဇွန် ၁၇ ရက် နောက်ဆုံးထား၍ လိုင်စင်ဓာတ်ပုံ နှစ်ပုံနှင့်အတူ စာရင်းပေးလျှောက်ထားရမည်။ အဆင့်(၅) အလွတ်တန်း ဖိတ်ခေါ်ပြိုင်ပွဲအတွက် ၁၈ လက်မ × ၂၄ လက်မအရွယ် မိမိကြိုက်နှစ်သက်ရာ ပုံဆွဲစက္ကူကို အသုံးပြုရေးဆွဲပြီး အထက်ဖော်ပြပါ ရုံး/ဌာနများသို့ ဇွန် ၁၇ ရက် နောက်ဆုံးထား၍ ပြိုင်ပွဲဝင်ပိုစတာများ ပေးပို့ရမည်။

ပြိုင်ပွဲဆုများအဖြစ် အဆင့်(၁)မှ အဆင့်(၄)အထိ ပထမဆု ငွေကျပ်တစ်သိန်း၊ ဒုတိယဆု ငွေကျပ်ခုနစ်သောင်းငါးထောင်၊ တတိယဆု ငွေကျပ်ငါးသောင်းနှင့် အထူးဆု ငါးဆုအဖြစ် ငွေကျပ် သုံးသောင်းစီ သတ်မှတ်ထားပြီး အဆင့်(၅) အလွတ်တန်း ဖိတ်ခေါ်ပြိုင်ပွဲအတွက် ပထမဆု ငွေကျပ်တစ်သိန်းငါးသောင်း၊ ဒုတိယဆု ငွေကျပ်တစ်သိန်း၊ တတိယဆု ငွေကျပ်ခုနစ်သောင်း ငါးထောင်နှင့် အထူးဆုငါးဆုအဖြစ် ငွေကျပ်ငါးသောင်းစီ သတ်မှတ်ထားသည်။

စာစီစာကုံးပြိုင်ပွဲ

စာစီစာကုံးကို မြန်မာဘာသာဖြင့် ပြိုင်ပွဲဝင်ရမည်ဖြစ်ပြီး တက္ကသိုလ်/ကောလိပ်အဆင့်၊ အခြေခံပညာအထက်တန်းအဆင့် (၈၊ ၉၊ ၁၀)တန်းနှင့် အခြေခံပညာအလယ်တန်းအဆင့် (၅၊ ၆၊ ၇)တန်း အဆင့်(၃)ဆင့်ခွဲ၍ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများတွင် ဇွန် ၁၉ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဆုများအဖြစ် ပထမဆု ငွေကျပ်တစ်သိန်း၊ ဒုတိယဆု ငွေကျပ်ခုနစ်သောင်းငါးထောင်၊ တတိယဆု ငွေကျပ်ငါးသောင်းနှင့် အထူးဆု ငါးဆုအား ငွေကျပ်သုံးသောင်းစီ သတ်မှတ်ထားသည်။

ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲ

ပြိုင်ပွဲဝင်လိုသူများသည် ၁၀ လက်မ × ၁၅ လက်မထက် မငယ်သော အရွယ်အစား Print ပုံဖြင့် ပြိုင်ပွဲဝင်တစ်ဦးလျှင် ရောင်စုံဓာတ်ပုံသုံးပုံသာ ပေးပို့ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဆုများအဖြစ် ပထမဆု ငွေကျပ်နှစ်သိန်း၊ ဒုတိယဆု ငွေကျပ် တစ်သိန်းငါးသောင်း၊ တတိယဆု ငွေကျပ်တစ်သိန်းနှင့် အထူးဆု ငါးဆုအား ငွေကျပ် ငါးသောင်းစီ သတ်မှတ်ထားသည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာန၊ နေပြည်တော်သို့ ဇွန် ၂၃ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ တိုက်ရိုက်ပေးပို့ရမည်။ ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို မိမိကိုယ်တိုင် ရိုက်ကူးကြောင်း၊ Digital နည်းစနစ်ဖြင့်ဖြည့်စွက်၊ ပယ်ဖျက်ထားခြင်းမရှိကြောင်း၊ ထိုဓာတ်ပုံသည် ပြည်တွင်း၊ ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်၊ ဓာတ်ပုံနှင့်စပ်လျဉ်းသည့် အကြောင်းအရာ (caption) အပြည့်အစုံ၊ ပြိုင်ပွဲဝင်သူ၏ ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံနှင့် ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ရမည်။

ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲ

စာမူကိုကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ စာမျက်နှာ တစ်ဖက်တည်းတွင် စာလုံးရေ သုံးထောင်မှ ငါးထောင်အတွင်းရေးသားပြီး ပြိုင်ပွဲဝင်တစ်ဦးအတွက် စာမူဆောင်းပါး တစ်ပုဒ်သာတင်သွင်းခွင့်ရှိသည်။ စာမူမူရင်းနှင့်မိတ္တူကို ကိုယ်တိုင်ရေး စာမူဖြစ်ကြောင်း ဝန်ခံချက်၊ ဆောင်းပါးရေးသူ၏ ကိုယ်ရေးရာဇဝင်တွင် အမည်ကို မြန်မာနှင့်အင်္ဂလိပ်ဘာသာ နှစ်မျိုးစလုံးဖြင့်ဖော်ပြပြီး အဖအမည်၊ အသက် (မွေးသက္ကရာဇ်)၊ ကျား/မ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ပညာအရည်အချင်း၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရမည့် တယ်လီဖုန်းအမှတ် တိုင်းဒေသကြီး/ပြည်နယ်တို့ကို ပြည့်စုံစွာဖော်ပြပြီး ပတ်စ်ပို့ဓာတ်ပုံသုံးပုံ ပူးတွဲ၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာန၊ နေပြည်တော်သို့ ဇွန် ၂၂ ရက် ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပေးပို့ရမည်။

ပြိုင်ပွဲဆုများအဖြစ် ပထမဆု ငွေကျပ်တစ်သိန်း၊ ဒုတိယဆု ငွေကျပ်ခုနစ်သောင်းငါးထောင်၊ တတိယဆု ငွေကျပ်ငါးသောင်းနှင့် အထူးဆု ငါးဆုအား ငွေကျပ်သုံးသောင်းစီ သတ်မှတ်ထားသည်။

ဆုချီးမြှင့်

ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရသူများကို ဇူလိုင် ၁၁ ရက် နေပြည်တော်၌ ကျင်းပမည့် ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပြီး အထူးဆုများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနများမှတစ်ဆင့် ချီးမြှင့်ပေးမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

ပြိုင်ပွဲများနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို နေပြည်တော်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနနှင့် နေပြည်တော်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူးရုံးတွင်လည်းကောင်း၊ ကျန်ဒေသများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးများတွင်လည်းကောင်း ကြည့်ရှုနိုင်သည်။

ထို့ပြင် ပိုစတာပြိုင်ပွဲနှင့် ပတ်သက်၍ ဦးမျိုးသွင် ဒုတိယညွှန်ကြားရေးမှူး ဖုန်း-၀၆၇-၄၃၁၃၃၅၊ စာစီစာကုံးပြိုင်ပွဲနှင့် ပတ်သက်၍ ဦးဝင်းမြင့် လက်ထောက်ညွှန်ကြားရေးမှူး ဖုန်း-၀၆၇-၄၃၁၃၃၇၊ ၀၉-၄၉၂၃၄၉၇၊ ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲနှင့် ပတ်သက်၍ ဒေါ်ခင်ခင်ညို ဒုတိယညွှန်ကြားရေးမှူး ဖုန်း-၀၆၇-၄၃၁၃၃၆၊ ဖိတ်ခေါ်ဓာတ်ပုံပြိုင်ပွဲနှင့် ပတ်သက်၍ ဒေါ်ယဉ်ယဉ်ကြိုင် လက်ထောက်ညွှန်ကြားရေးမှူး ဖုန်း-၀၆၇-၄၃၁၃၅၆၊ ဖက်စ်-၄၃၁၀၆၅ နှင့် မြန်မာနိုင်ငံဓာတ်ပုံအသင်း (ရန်ကုန်မြို့) ဖုန်း-၀၁-၃၇၃၁၆၇ သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်သည်။ **(သတင်းစဉ်)**

ဥတ္တရသီရိမြို့နယ်၌ စီမံကိန်းတာဝန်ပေးအပ်ပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၁

ဥတ္တရသီရိမြို့နယ်၏ ၂၀၁၁-၂၀၁၂ခုနှစ်အတွက် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၀ရက် နံနက် ၁၀နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးခန်း၌ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးစောလှ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်တင့်က ဌာနဆိုင်ရာများအား စီမံကိန်းရည်မှန်းချက်တာဝန်များ ပေးအပ်သည်။

အခမ်းအနားအပြီးတွင် နေပြည်တော်ကောင်စီဝင် ဦးစောလှသည် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စီမံကိန်းရည်မှန်းချက်တာဝန်များ ကြည့်မြင်တိုင်မြို့နယ်၌ ပေးအပ်

ရန်ကုန် ဇွန် ၁၁

၂၀၁၁-၂၀၁၂ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ဇွန် ၈ ရက်က ကြည့်မြင်တိုင်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ရဲသွေးက အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးမှူး ဦးမြင့်စိုးက စီမံကိန်းရည်မှန်းချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက ဌာနဆိုင်ရာတာဝန်ခံများနှင့် မြို့နယ်အတွင်းရှိ (၂၂) ရပ်ကွက်အုပ်ချုပ်ရေးမှူးများကိုယ်စား ဘောဂရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်း **(အပေါ်ပုံ)**ထံသို့ စီမံကိန်းတာဝန်များပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၀၄၂)

သီပွံနည်းကျ မိုးစပါးစိုက်ပျိုးရေး ပညာပေးဆွေးနွေး

ပေါက်ခေါင်း ဇွန် ၁၁

ပေါက်ခေါင်းမြို့နယ် မစိုးရိမ်ကျေးရွာအုပ်စု မတောင့်ကျေးရွာတွင် မေ ၂၇ ရက်က မိုးစပါးတစ်ဧကတင်း ၁၀၀နှုန်းအထက် ထွက်ရှိရေးအတွက် လိုက်နာဆောင်ရွက်ရမည့် သီပွံနည်းကျစိုက်နည်းစနစ် ၁၄ ချက်နှင့်စပ်လျဉ်း၍ ပညာပေး ဆွေးနွေးပွဲကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာဦးသိန်းထွန်း၊ ပြည်ခရိုင် မန်နေဂျာ ဦးစိုးနိုင်နှင့် ပေါက်ခေါင်းမြို့နယ် မန်နေဂျာ ဦးမြင့်လွင်တို့က သီပွံနည်းကျစိုက်ပျိုးရေး ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ ပေါက်ခေါင်းမြို့နယ်၌ ၂၀၁၁ ခုနှစ်တွင် မိုးစပါး ၇၀၅၈၂ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် စိုက်ပျိုးရေး)

ရေစီးရေလာကောင်းမွန်ရေး ဘုရားသုံးဆူ၌ ဆောင်ရွက်

ဘုရားသုံးဆူ ဇွန် ၁၁

ဘုရားသုံးဆူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိုးရာသီကာလအတွင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် အမှတ်(၁)ရပ်ကွက် အထက ကျောင်းလမ်းဘေး ဝဲယာရေမြောင်းများ တူးဖော် သန့်ရှင်းခြင်းလုပ်ငန်းကို ဇွန် ၂ ရက်က အမှုဆောင်အရာရှိ ဦးရဲလင်းဦး ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ငှက်ဖျားရောဂါတိုက်ဖျက်ရေးဆွေးနွေးပွဲ တိုက်ကြီးမြို့နယ်၌ ကျင်းပ

တိုက်ကြီး ဇွန် ၁၁

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ရန်ပုံငွေအဖွဲ့တို့ပူးပေါင်း၍ ယခုနှစ်တွင်စတင်ဆောင်ရွက်သည့်ငှက်ဖျားရောဂါထိန်းချုပ်နှိမ်နင်းရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးပွဲကို ဇွန် ၇ ရက် မွန်းလွဲ ၂နာရီက တိုက်ကြီးမြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်ဆရာဝန်ကြီးဒေါက်တာကျော်ဇင်ပြုံးက မြို့နယ်အတွင်း ငှက်ဖျားရောဂါအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်များကိုရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြောင်းမြမြို့နယ်၌ ပညာသင်စရိတ်များထောက်ပံ့

မြောင်းမြ ဇွန် ၁၁

မြောင်းမြမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ငွေကျပ် ၂၈၅၅၀၀တန်ဖိုးရှိ စာရေးကိရိယာများနှင့်ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇွန် ၅ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ရုံး၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်နိုင်က ကျောင်းသူတစ်ဦးအား စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)(ခရိုင် ပြန်/ဆက်)**

ငါးသယံဇာတများထိန်းသိမ်းရေး ကွင်းဆင်းဆောင်ရွက်

ဇန်းမော် ဇွန် ၁၁

ကချင်ပြည်နယ် ဇန်းမော်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများသည် မေ ၂၁ ရက်က ဇန်းမော်မြို့နယ်အတွင်း ငါးရစ်ငါးသန်များ ဖမ်းဆီးခြင်းမပြုရန်နှင့် တရားမဝင် ငါးဖမ်းနည်းများဖြင့် ငါးဖမ်းဆီးခြင်း မပြုလုပ်ကြရန် ဇရာဝတီမြစ်ကြောင်းတစ်လျှောက် အသံချဲ့စက်ဖြင့် လှည့်လည် သတိပေးနှိုးဆော်ခြင်းကို ဆောင်ရွက်ခဲ့ပြီး ဇွန် ၁ ရက်မှ စ၍ ကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။

(ခရိုင်ငါးလုပ်ငန်းဦးစီးဌာန)

ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

သဲကုန်း ဇွန် ၁၁

သဲကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သဲကုန်းမြို့အတွင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် မေ ၂၆ ရက်က ဘူတာလမ်းနှင့် လမ်းမတော်လမ်းရှိ ရေနုတ်မြောင်းများမှ နုန်းများနှင့် အမှိုက်သရိုက်များ တူးဖော်ဆယ်ယူ ရှင်းလင်းခြင်းကို ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းအောင်၊ အမှုဆောင်အရာရှိ ဦးမောင်မောင်သွင်နှင့် လက်ထောက် အင်ဂျင်နီယာ ဦးမြင့်လှိုင်တို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောင်းအပ်နှံရေးနေ့

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ၂၀၁၁-၂၀၁၂ပညာသင်နှစ် ကျောင်းနေအရွယ် ကလေးများ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို အထက(၂)ယုဇနခန်းမ၌ မေ ၂၉ ရက်ကကျင်းပရာ မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝေ အမှာစကားပြောကြားစဉ်။ (၀၅၇)

ဟသ်ာတ၌ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်

ဟသ်ာတ ဇွန် ၁၁

ဟသ်ာတမြို့နယ် နတ်မော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)ရှိ မွန်းအိုင်းမူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မေ ၂၄ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး တိုင်းပညာရေးမှူး (စစ်ဆေးရေး)ဦးစိုးမြင့်က ကျောင်းဆောင်သစ်ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် ကျောင်းဆောင်သစ်အလှူရှင် ဦးမျိုးလှိုင်-ဒေါ်မြင့်မြင့်အေး အထည်အလိပ်ရောင်းဝယ်ရေး မန္တလေးမြို့က ငွေကျပ်သိန်းနှစ်ရာတန်ဖိုးရှိ ကျောင်းဆောင်သစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူး ဒေါ်အုံးနွဲ့ထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(ပညာရေး)

ချောက်မြို့ မြို့မဈေးအတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်း ကွင်းဆင်းစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးထင်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မင်းသန့်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အလင်း စာတည်းထံပေးစာများ

ဘီးခွန်ကောက်ခံမှု ကြပ်မတ်ပေးပါ

စာတည်းခင်ဗျား-

မန္တလေးတိုင်းဒေသကြီး မန္တလေး-ပြင်ဦးလွင်ကားလမ်းပေါ်တွင် ယခင်က ဘီးခွန်ကို မန္တလေးဘက်သို့ အဝင်လမ်းအတွက်ကောက်ခံခဲ့ပြီး မြို့အထွက် ဘီးခွန်ကို ကောက်ခံခြင်းမရှိခဲ့ပါ။ ယခုအခါ မြို့ဝင်၊ မြို့ထွက် နှစ်ဖက်စလုံးအတွက် ကောက်ခံနေပါသဖြင့် လိုအပ်သလို ကြပ်မတ်ဖြေရှင်း ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မန္တလေးသား

မီးခိုးငွေ့ အနံ့ ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၄လမ်း(အထက်)အမှတ်၁၆၆ တိုက်အရှေ့ဥပစာတွင် စီးပွားရေးလုပ်ငန်းသုံးမီးစက်ကြီးကို လမ်းပိတ်ဆို့ထားရှိပြီး လည်ပတ်လျက်ရှိရာ ၄င်းမှထွက်ရှိသော မီးခိုးငွေ့ အနံ့များကြောင့် အနီးပတ်ဝန်းကျင်ရှိ ပြည်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **မီးခိုးနံ့မခံနိုင်ကြသူများ**

ကျူးကျော်တဲများ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၇၀)ရပ်ကွက် ရွှေကိန္နရီ ၂ လမ်း အောက်ဘက်ခြမ်းရှိ ကျူးကျော်တဲအိမ်များသည် ထင်းဖြင့်ချက်ပြုတ်ခြင်း၊ အညစ်အကြေးများ စွန့်ပစ်ခြင်းတို့ကြောင့် ပတ်ဝန်းကျင်ရှိပြည်သူများ မီးဘေးအန္တရာယ် စိုးရိမ်ရသည့်အပြင် ရောဂါများရရှိနိုင်ပါသဖြင့် ကျူးကျော်တဲများကို ရှင်းလင်း ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **မီးဘေးစိုးရိမ်သူ**

ကျူးကျော်ဆိုင်ခန်းများ ဖယ်ရှားပြီးဖြစ်

၅-၅-၂၀၁၁ ရက်နှင့် ၁၂-၅-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ကောလင်းမြို့ ဈေးရုံဗိုလ်တဲရပ်ကွက် ၈ လမ်း အားကစားရုံအနီး ကျူးကျော်ဆိုင်ခန်းများပိတ်ဆို့မှုနှင့် ယာဉ်အန္တရာယ်စိုးရိမ်ရ** ပေးစာများနှင့် ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

12-6 (12).pmd 1 6/12/2011, 2:59 AM

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

မောင်စည်သူ (ခ) သူရိန်ဟိန်း နှင့် **မဝင့်ရည်မို့မို့ထက်(ခ)နိုနို**တို့၏ ၁၁-၆-၂၀၁၁ရက် (စနေနေ့)တွင် **MICC** ခန်းမ၌ ကျင်းပပြီးစီးသော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက် နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းမိတ်သင်္ဂဟများ၊ **MICC** ခန်းမမှ ဝန်ထမ်းများနှင့် မင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူများ အားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရအထူးတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
မောင်စည်သူ(ခ)သူရိန်ဟိန်းနှင့် မဝင့်ရည်မို့မို့ထက်(ခ)နိုနို။

အမည်ပြောင်း

အထက(၂) ဒဂုံမြို့သစ်တောင်ပိုင်း တက္ကသိုလ်ဝင်တန်း(ဒီ)မှ မောင်စည်သူပိုင်ထက်အား မောင်ကောင်းမြတ်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကောင်းမြတ်။**

သစ်တောသစ်ပင် ဒို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး အလှတိုး

မင်္ဂလာဆုတောင်း

မောင်စည်သူ နှင့် **မနိုနို** တို့၏ ၁၁-၆-၂၀၁၁ရက် (စနေနေ့) မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ သာယာသောဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဦးမျိုးဝင်းအောင်-ဒေါ်ကြည်လင်းမြင့်။

ထိမ်းမြားမင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ ရွာသစ်ရပ်နေ
ဦးကျော်မြင့်(ရွှေကုန်သည်)-ဒေါ်လှလှအေး(ဦးစီးမှူး၊ သမ/ဦးစီး၊ ကျောက်ဆည်)တို့၏သား
ဗိုလ်ကြီးမျိုးမြင့်သိန်း (ငြိမ်း) B.C.Sc(DSA)
(ဦးစီးအရာရှိ၊ သတ္တုတွင်းဝန်ကြီးဌာန)
နှင့်
ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်နေ(ဦးတင်အုန်း)-ဒေါ်ဟန်စိန်တို့၏သမီး
မအေးသီခိုင်
B.Sc (Maths), D.C.Sc, M.I.Sc (thesis)
(ဦးစီးအရာရှိ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန)

တို့၏ ၁၁-၆-၂၀၁၁ရက် (စနေနေ့)တွင် နေပြည်တော် Sky Palace Hotel မင်္ဂလာခန်းမ၌ ပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ကုံးချီးမြှင့်ပေးပါသော မွေးမြူရေးနှင့် ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်သန်းနှင့် ဇနီးဒေါက်တာဒေါ်မြင့်မြင့်ဝင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဇနီးဒေါ်အေးသန္တာတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများအားလည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာပန်းကြဲပေးသော မဝင်းယုယုမွန်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးသော မစုနန္ဒာ၊ မင်္ဂလာလက်ထပ်လက်စွပ်ဗန်းကိုင်ဆောင်ပေးသော မချိုမာဦး၊ သတို့သားအရံ ဗိုလ်ကြီးအောင်ဇော်မြင့်၊ သတို့သမီးအရံ မထိုက်ထိုက်လွင်တို့အားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်သက်လင်း၊ မိတ်ကပ်နှင့်ဆံပင်အလှဖန်တီးပေးသော ပန်းသခင်အဖွဲ့၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးပါသော ဦးသန်းလွင်နှင့်အဖွဲ့၊ Sky Palace Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သောသူများအားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးမျိုးမြင့်သိန်း(ငြိမ်း)-မအေးသီခိုင်။

မြန်မာ့ရုပ်မြင်သံကြား

၁၂-၆-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊တေးရေး- မောင်မောင်လတ်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
- ၈း၀၅ ၇။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈း၂၀ ၈။ အကပြိုင်ပွဲ
- ၈း၂၅ ၉။ **ကြိုဆိုလျက်ပါ**
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
- ၁၁း၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်**(အပိုင်း-၅၀)
- ၁၂း၃၀ ၅။ Golf Magazine (TV)
- ၁၂း၅၀ ၆။ မြန်မာရုပ်ရှင် **ရင်တွင်းဂီတ** ဒွေး၊သားညီ၊ထက်ထက်မိုးဦး (ဒါရိုက်တာ-ညိုမင်းလွင်)
- ၁၄း၂၅ ၇။ အတီးပြိုင်ပွဲ
- ၁၄း၃၀ ၈။ သက်တံရောင်သံစဉ်
- ၁၄း၄၅ ၉။ International News
- ၁၅း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃း၄၅ ၁။ Myanmar National League MNL Grand Royal Cup (2011) **ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် မကွေးအသင်းနှင့် မနော‌မြေအသင်း**
- ၅း၄၅ ၂။ တေးဂီတအစီအစဉ်
- ၆း၀၀ ၃။ ညနေခင်းသတင်း
- ၆း၁၅ ၄။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၅။ ကာတွန်းအစီအစဉ် **ကွမ်တမ်မင်း** (အပိုင်း-၂၂)
- ၆း၄၀ ၆။ တစ်မျက်နှာတစ်ကွက်စာ **ဖြစ်ရပလေတယ်** မင်းသူ၊ မိုးထက်ပိုင်၊ ခိုင်နှင်းဝေ ဒါရိုက်တာ-မေတင် (MMG)
- ၇း၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်နဲ့အမုန်း** (အပိုင်း-၁၈)
- ၈း၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ မြန်မာနိုင်ငံ၏ မုတ်သုံရာသီနှင့် ဆက်နွှယ်နေသော မိုးလေဝသဖြစ်စဉ်များ
- ၁၂။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** ဒုတိယတွဲ (အပိုင်း-၂၂)
- ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရှုပ်ထွေးဆန်းကြယ်** (အပိုင်း-၁၄)
- ၁၄။ အစီအစဉ်ပြီး၏။

မိုင်တိုင်(၇၆)

(ကားပေါ်မှာ လိုက်လာတယ်)

ဇာတ်ကားအား
အကြောင်းအမျိုးမျိုးကြောင့်
မိတ်ဆွေများအား ကြည့်ရှုရန်အတွက်
မေတ္တာလက်ဆောင် မပေးနိုင်ခြင်းကို
နားလည်ခွင့်လွှတ်ပေးပါရန်
ပရိသတ်ကြီးနှင့် မိတ်ဆွေများအား
လေးစားစွာဖြင့်
အနူးအညွတ် တောင်းပန်အပ်ပါသည်။

မင်းအုပ်စိုး။

မြေရောင်းမည်

မန္တလေး-နေပြည်တော်-ရန်ကုန်-လှိုင်ကော်-တောင်ကြီး-နတ်မောက်-မကွေးမြို့ကြီးများနှင့် ရထားလမ်း/ကားလမ်းဆုံဖြစ်လာသောကြောင့် စည်ကား၍ စီးပွားရေးတိုးတက်လာသော ပျော်ဘွယ်မြို့တွင် ကားလမ်းမကြီးနှစ်ဖက် မျက်နှာပြု မြေကွက်ကျယ်ရောင်းပါမည်။ ပိုင်ရှင်ကိုယ်တိုင်နေသည်။

လိပ်စာ - ဦးဘမင်း (စစ်မှုထမ်းဟောင်း)
မန္တလေး-နေပြည်တော်-ရန်ကုန်ကားလမ်းနှင့်
လှိုင်ကော်-တောင်ကြီးကားလမ်းဆုံ၊ ပျော်ဘွယ်မြို့။
ဖုန်း-၀၉-၄၇၁၂၇၀၉၀၊ ၀၆၄-၄၉၈၄၇။

စည်သူ(၇၁) သူငယ်ချင်းများသို့ ဖိတ်ကြားလွှာ

၂၀-၆-၂၀၁၁ရက်တွင် ကျရောက်မည့် စည်သူ (၇၁)၏ ကျောင်းဆင်းပွဲ ငွေရတုအထိမ်းအမှတ် စုပေါင်းဒါနပြုပွဲနှင့် ညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

	နေ့ရက်/အချိန်	နေရာ
စုပေါင်းဒါနပြုပွဲ	၂၀-၆-၂၀၁၁ရက် ၀၈း၃၀နာရီ	ဇီဝိတဒါန သံဃာ့ဆေးရုံ ရန်ကုန်မြို့
တွေ့ဆုံပွဲနှင့် ညစာစားပွဲ	၂၀-၆-၂၀၁၁ရက် ၁၈း၀၀နာရီ	M 3 FOOD CENTER ဗဟန်း

(ဖိတ်စာမရရှိပါကလည်း အထက်ပါအစီအစဉ်အတိုင်း ဇနီးနှင့်အတူ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။)

ဆက်သွယ်ရန်-

ရန်ကုန်	မန္တလေး	နေပြည်တော်
၀၉-၅၀၁၈၇၁၉	၀၉-၅၁၅၃၅၇၄	၀၉-၈၃၀၄၅၀၂
၀၉-၂၄၅၀၁၄၃	၀၉-၆၅၂၅၄၀၂	၀၉-၈၆၃၁၉၁၉
၀၉-၅၀၉၂၀၅၀	၀၂-၆၀၂၆၉	၀၉-၄၉၂၀၈၆၂၇
၀၃၁-၂၅၉၂၉	၀၆၆-၅၀၂၅၁	
၀၉-၈၃၆၂၁၆၆		

ကန့်ကွက်နိုင်ပါကြောင်း ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈ /၁၁-ကမာရွတ်၊ လူနေရပ်ကွက် မြကန်သာအိမ်ရာ၊ မြေကွက်အမှတ် ၁၈၇၊ အကျယ်အဝန်း (၈၀' x $\frac{29'}{71'.6''}$)၊ စတုရန်းပေ ၅၈၂၀၊ (ဧရိယာ ၀ဒသမ၁၃၄ဧက)ရှိ နှစ်၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (W-9)၊ ငုဝါ (၇)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်ဟုခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ကေသွယ်မိုး ၁၂/သလန(နိုင်)၀၁၀၄၆၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင် ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စန္ဒာမွေး (စဉ်-၇၁၄၈)
LL.B, M.P.A, D.B.L, D.M.L, D.I.L, D.A.Psy, D.I.R, D.G.I
တရားလွှတ်တော်ရှေ့နေ
အမှတ်၅၈(ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၇၇၇၃၇၊ ၀၁-၅၇၈၀၄၈။

ဇွန် ၃ ရက်က တောင်တွင်းကြီးမြို့နယ် ခရိုင်ချင်းဆက်လမ်း အမှတ်(၁)တွင် တံတားပြုပြင်ခြင်းကို အမှုဆောင်အရာရှိ ဦးအောင်ဖြိုးကျော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခိုင်မြင့်မောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

အလှူငွေများ လှူဒါန်း

ရန်ကုန် ဇွန် ၁၁

ဗိုလ်လောင်းသင်တန်းအပတ်စဉ်(၈၅) သီဟတပ်ခွဲကျောင်းဆင်းအရာရှိများနှင့်မိသားစုများက ကျောင်းဆင်း(၁၈)နှစ်မြောက် အထိမ်းအမှတ်အဖြစ် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အတွက် ငွေကျပ် ၁၀ သိန်း **(အပေါ်ပုံ)**၊ ရန်ကုန်မြို့ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးအတွက် ငွေကျပ် ၁၁သိန်းနှင့် မန္တလေးတောင်ခြေရှိ ဘိုးဘွားရိပ်သာအတွက် ငွေကျပ် သုံးသိန်း စုစုပေါင်း ၂၄သိန်းလှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

မိဘမဲ့ကလေးသူငယ် ဖွံ့ဖြိုးရေးဂေဟာဖွင့်

ရန်ကုန် ဇွန် ၁၁

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲဝင် နေပြည်တော်ဘောလုံးအသင်းနှင့် ACE Construction Co., Ltd တို့မှ ဆောက်လုပ်လှူဒါန်းသည့် မိဘမဲ့ကလေးသူငယ်ဖွံ့ဖြိုးရေးဂေဟာ ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက သန်လျင်မြို့နယ် ကျိုက်အင်းကျေးရွာရှိ အဆိုပါဂေဟာ၌ ကျင်းပသည်။

လွှဲပြောင်းပေးအပ်

ဖွင့်ပွဲတွင် ရှေးဦးစွာ အလှူရှင် နေပြည်တော်ဘောလုံးအသင်း ဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်း(ဥက္ကဋ္ဌ၊ ACE Construction Co., Ltd) က အဖွင့်အမှာစကားပြောကြားပြီးနောက် နေပြည်တော်ဘောလုံးအသင်းဥက္ကဋ္ဌက ဂေဟာနှင့်ပတ်သက်သည့်စာရွက်စာတမ်းများအား တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(အပေါ်ဝဲပုံ)(မြန်မာ့အလင်း)

စစ်ဆေးတပ်ဆင်

ဇွန် ၁ ရက်က ပဲခူးမြို့ရှိ ဓာတ်အားလိုင်းများတွင် ဓာတ်အားလိုင်း ကာကွယ်ရေးပစ္စည်းများ စစ်ဆေးတပ်ဆင်ခြင်းကို မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်သန်းထွဋ်နှင့် လိုင်းဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ် လျှပ်စစ်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ရောက်လာသည့် ကုန်စည်ပို့ဆောင်မှုလုပ်ငန်းများ တိုးတက်များပြားလာ ဆိပ်ကမ်းကို အဆင့်မြှင့်တင်ရာတွင် ပါရှိရမည့် လိုအပ်ချက်များ ထည့်သွင်းတည်ဆောက်

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ဗိုလ်တထောင်မြို့နယ်ရှိ MPA-Allied ရန်ကုန် ကုန်းတွင်း ကုန်သေတ္တာစခန်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်ဆိပ်ကမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အမှတ်(၂) လမ်းမကြီးနှင့် မောင်းမကန် ကမ်းသာလမ်း လမ်းဆုံသို့ ရောက်ရှိသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❐

ဘင်္ဂလားပင်လယ်အော်ရှိ လေဖိအားနည်းရပ်ဝန်း အားပျော့ပျက်ပြယ်

နေပြည်တော် ဇွန် ၁၁

ယနေ့နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်း၌ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**